# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၈၉)၊ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ ၂၃-၉-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၇)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၂

တရုတ်ပြည်သူ့သမ္မတ နိုင်ငံတည်ထောင်သည့် (၇၇)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့် မြို့နယ်ရှိ Wyndham Grand Hotel ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်သည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဦးသန်းမောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ၎င်းတို့၏ ဇနီးများ၊

စာမျက်နှာ ၃ သို့



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် အခမ်းအနားတက်ရောက်လာကြသူများ ခင်းကျင်းပြသထားသည့် မြန်မာ-တရုတ် ချစ်ကြည်ရေးအထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။



# မတ္တရာမြို့နယ်၌ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့သော ကျေးရွာများ ဓာတ်အားပြန်လည်ရရှိရေး ဆောင်ရွက်လျက်ရှိ

မတ္တရာ စက်တင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ကျေးရွာများတွင် အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့သော ကျေးရွာများရှိ ဓာတ်အားသုံးစွဲသူများ အမြန်ဆုံးဓာတ်အားပြန်လည်ရရှိရေးအတွက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မတ္တရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများနှင့် ကျွမ်းကျင် ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မတ္တရာမြို့ ဓာတ်အားခွဲရုံမှ ဓာတ်အားပေးပို့လျက်ရှိသည့် ဝါးရင်းတုတ်ကျေးရွာရှိ ၁၁/၀.၄ ကေဗွီ (၂၀၀) ကေဗွီအေ လျှပ်စစ်ထရန်စဖော်မာတို့ကို လျှပ်စစ်ဓာတ်အားပေးနိုင်ရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးသည့်အတွက် စက်တင်ဘာ ၂၁ ရက်က အဆိုပါကျေးရွာရှိ

စာမျက်နှာ ၃ သို့

၂၂ - ၉- ၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၂၂:၃၀ နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ




# အားကောင်းသော မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်

နေပြည်တော် စက်တင်ဘာ ၂၂

အားကောင်းသောမုန်တိုင်းငယ်အခြေအနေ

ယနေ့ည ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ

စာမျက်နှာ ၃ သို့

# (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ ဖွင့်ပွဲနှင့် တရုတ်(ကွမ်ရှီး)-အာဆီယံ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ပူးပေါင်းဆောင်ရွက်မှု ကွန်ဖရင့်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

တရုတ်-အာဆီယံကုန်စည်ပြပွဲ (China-ASEAN Expo)၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပလက်ဖောင်းကို အပြည့်အဝအသုံးချ၍ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်ရန်နှင့် ဒေသတွင်းစီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ရည်ရွယ်၍ တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အစိုးရက (China (Guangxi)-ASEAN Agricultural and Poverty Reduction Cooperation Conference) တရုတ်(ကွမ်ရှီး)-အာဆီယံ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုကွန်ဖရင့်ကို

စာမျက်နှာ ၃ သို့



(၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ကြည့်ရှုလေ့လာကြသူများကို တွေ့ရစဉ်။

**ယနေ့ ဖတ်စရာ အညွှန်း**

နည်းပြ မိုက်ကယ်ကာရစ် မန်ယူအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

စာမျက်နှာ ၁၁



ဒါနပြုသည်ဆိုရာဝယ် (ဆောင်းပါး)

စာမျက်နှာ ၁၄

စိုက်ပျိုးရေး မိုးလေဝသ ခန့်မှန်းချက်



စာမျက်နှာ ၁၇

၂၀၂၆ ခုနှစ် ၊ စက်တင်ဘာ ၂၃ ရက် ၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

## ရိုးသားဖြောင့်မတ်မှု၊ ကြိုးစားအားထုတ်မှု၊ စာရိတ္တကောင်းများဖြင့် လူ့ဘဝကို တည်ဆောက်ရမည်

လောကတွင် စိတ်ဓာတ်ကောင်းပြီး အရည်အချင်းလည်း ပြည့်ဝသူဖြစ်အောင် မိမိကိုယ်ကို ဆင်ခြင်ပြုစုလေ့ကျင့်ပျိုးထောင်ရမည်ဖြစ်သည်။ စိတ်ထားကောင်းခြင်းဟုဆိုသည်မှာ မေတ္တာနှင့် ကရုဏာစိတ်တို့ကို အခြေခံရှိရမည်ဖြစ်သည်။ လူတိုင်း၏ အကျိုး၊ လောကကြီး၏ အကျိုးကို မိမိကိုယ်ကျိုးထက်ပို၍ အလေးထားဆောင်ရွက်သော ပရဟိတစိတ်မျိုးရှိနေရမည်ဖြစ်သည်။ အရည်အချင်းပြည့်ဝခြင်းဆိုသည်မှာလည်း ဉာဏ်ပညာထက်မြက်ခြင်း၊ အတွေးအခေါ်အယူအဆထက်မြက်ခြင်း၊ လုပ်ရည်ကိုင်ရည်တို့ပြည့်ဝခြင်း၊ ရဲစွမ်းသတ္တိရှိခြင်းစသော အဘက်ဘက်က ထူးချွန်ခြင်းတို့ကို ဆိုလိုပါသည်။ ထိုသို့သော လူကောင်း၊ လူတော်များကို လူ့ပတ်ဝန်းကျင် လူ့အသိုက်အဝန်းတွင် အထူးလိုလားလျက်ရှိသည်။ လိုလားမှုအရ မိမိတို့ကိုယ်တိုင်က လူကောင်းလူတော်များဖြစ်အောင် ကြိုးစားနေကြရမည်ဖြစ်သည်။ လူတော်လူကောင်းဖြစ်ဖို့ အခြေခံမှာ စိတ်မှာ အဓိကကျနေသည်။ သို့သော် စိတ်ကောင်း၊ စေတနာကောင်းရှိဖို့ လေ့ကျင့်ပြုပြင်ရန်လည်း လိုအပ်မည်ဖြစ်သည်။

လူတော်လူကောင်းတစ်ယောက်ဖြစ်ရန် ဘာသာတရား၏ အဆုံးအမများကို အထူးပင်လေးစားလိုက်နာဖို့လိုအပ်မည်ဖြစ်သည်။ လူကျင့်ဝတ်တို့ကို အမှန်တကယ် စောင့်ထိန်းရမည်ဖြစ်သည်။ စိတ်ကောင်းစိတ်မြတ်ဖြစ်လာပြီး လူတစ်ဖက်သားကို ကိုယ်ချင်းစာတတ်လာမည်ဖြစ်သည်။ ရိုးသားဖြောင့်မတ်မှုရှိလာမည်လည်းဖြစ်သည်။

စေတနာ၊မေတ္တာ၊ကရုဏာတို့ ထားတတ်နေတတ်လာမည်ဖြစ်သည်။ ထို့အပြင် လူတော်လူကောင်းဖြစ်ရန် စာရိတ္တကောင်းရန်လည်း အရေးကြီးသည်။ စာရိတ္တ ဟူသည် ကိုယ်ကျင့်တရားပင်ဖြစ်သည်။ လောကလူ့ဘောင်အတွင်း၌ လူသားတို့၏ တန်ဖိုးကို စာရိတ္တဟူသော ကိုယ်ကျင့်တရားဖြင့် အကဲဖြတ်နိုင်မည်ဖြစ်သည်။

ထို့အပြင် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်တွင် အတ္တသမ္မာပဏိဓိစ-မိမိ၏ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာစောင့်ထိန်းခြင်း၊ ဝိနယောစသုသိက္ခိတော-ကိုယ်နှုတ်နှလုံးကိုယဉ်ကျေးအောင် ဆုံးမတတ်သည့် လူနှင့်ဆိုင်သော ကျင့်ဝတ်တရားကိုကောင်းစွာသင်ယူခြင်း၊ သုဘာသိတာစ ယာဝါစာ-ကောင်းသော စကားကိုပြောဆိုခြင်း၊ အပြောအဆိုယဉ်ကျေးခြင်း၊ အနဝဇ္ဇာနိကမ္မာနိ-အပြစ်ကင်းသော အမှုတို့ကိုပြုခြင်း၊ အာရတီ-မကောင်းမှုမဖြစ်အောင်ဝေးစွာရှောင်ခြင်း၊ ဝိရတီပါပါ-မကောင်းမှုမဖြစ်အောင်ကိုယ်စိတ်နှစ်ပါးဖြင့်ရှောင်ကြဉ်ခြင်း၊ သန္တုဋ္ဌီစ-ရောင့်ရဲလွယ်ခြင်း(လောဘအလိုမလိုက်ခြင်း)၊ တပေါစ-မြိုးခြံစွာကျင့်ခြင်းစသည်တို့မှာ စာရိတ္တကောင်းမွန်ရေးအတွက် လမ်းညွှန်ချက်များ ဖြစ်ပေသည်။

မိဘနှင့် ဆရာများက မိမိတို့၏သားသမီး၊ တပည့်များကို ဗလငါးတန်နှင့် ပြည့်စုံပြီး တိုင်းပြည်ကအားထားရသော လူတော်လူကောင်းများ ဖြစ်စေချင်သည်။ စိတ်ရင်းစိတ်ထားကောင်းကောင်းဖြင့် အများအကျိုးသယ်ပိုးလိုသော စိတ်ကောင်းစေတနာကောင်းရှိသူများ ဖြစ်စေချင်သည်။ စိတ်ကောင်းစေတနာကောင်းမှာ စာရိတ္တကောင်းမွန်ရန် လိုအပ်ပေသည်။ ဗလငါးတန်တွင်အဓိက အကျဆုံးသောအရာမှာ စာရိတ္တဗလဖြစ်သည်။ စာရိတ္တကောင်းမွန်ရန်အတွက်စောင့်စည်းအပ်သည်ကို စောင့်စည်းရပေမည်။ စာရိတ္တဖြည့်တင်းခြင်းမှာ မကောင်းသည်ကိုရှောင်၍ ကောင်းသည်ကို ဆောင်ခြင်းပင် ဖြစ်သည်။

သို့ဖြစ်ရာ စာရိတ္တနှင့်ကိုယ်ကျင့်တရားကောင်းမှသာလျှင် ရေသာခိုအချောင်လိုက်သည့် စိတ်ဓာတ်မျိုးကင်းစင်ပြီး ရိုးသားဖြောင့်မတ်မှု၊ ကြိုးစားအားထုတ်မှုများရရှိနိုင်မည်ဖြစ်သည်။ထို့ကြောင့် အနာဂတ်လူ့ဘောင်ကြီး၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းပြည်နှင့်လူမျိုးအတွက် အားကိုးအားထားပြုနိုင်မည့် လူငယ်၊ လူရွယ်များ ပေါ်ထွက်လာခြင်း၏ အဓိကအကြောင်းအရင်းခံသည် ရိုးသားဖြောင့်မတ်မှု၊ ကိုယ်ကျင့်တရားဟူသော စာရိတ္တပင်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ပထမနေ့) စတင်ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၂**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ပထမနေ့)ကို စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ အစီအစဉ် ၉ ရပ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း ၇၁ ဦး တက်ရောက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၃ ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၃ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပြုသော "မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး"၏ အမည်စာရင်းကို လွှတ်တော်သို့ ကြေညာခြင်းနှင့် အမည်စာရင်း တင်သွင်းထားသည့် ပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း ပေးသွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ပထမနေ့)ကို နံနက် ၁၁ နာရီ မိနစ် ၃၀ တွင် ရပ်နားခဲ့ပြီး အစည်းအဝေး ဒုတိယနေ့ကို စက်တင်ဘာ ၂၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-စ)




## အသိပညာပေး ဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

**ပုသိမ်ကြီး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ယနေ့နံနက် ၁၀ နာရီက ကျောင်းသားလူငယ်များ၊ အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ အသိပညာပေး ဟောပြောပွဲ၊ စာအုပ်၊ စာစောင်ပြပွဲနှင့် ပြိုင်ပွဲများကို ကျင်းပလျက်ရှိသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက မြို့မအခြေခံပညာ မူလတန်းလွန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား သဘာဝဘေးအန္တရာယ်အကြောင်း၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးအကြောင်းတို့အား အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် စာအုပ်စာစောင်နှင့် နံရံကပ်ပိုစတာများကို ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သားကြည့်ရှုကြသည်။

ဆက်လက်၍ ပုံပြော၊ ကဗျာရွတ်၊ ကျပန်း၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စာဖတ်ပိုင်း၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲတို့အား ကျင်းပခဲ့ရာ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာပါဝင်ခဲ့ကြောင်း သိရသည်။

(ရွှေရန်ကင်း)

## မတ္တရာမြို့နယ်၌ ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးစိုက်တောင်သူများအတွက် မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်

**မတ္တရာ စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်တွင် ဩဂုတ်လအတွင်းက ဆည်တော်ကြီးဆည်ရေ ထိန်းညှိထုတ်လွှတ်မှုကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် မိုးစပါးစိုက်တောင်သူများအတွက် MSA နှင့် မန္တလေးတိုင်းကိုယ်စားပြု မျိုးစေ့ထုတ်ကုမ္ပဏီများမှ လှူဒါန်းသည့် မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီက မတ္တရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ကျင်းပပြုလုပ်ခဲ့သည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးစိုးသိန်းမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေး၊ ညှိနှိုင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြတ်သူမှ အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြတ်သီတာမှ ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများနှင့် ထောက်ပံ့ပေးအပ်မည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ရေကြီး နစ်မြုပ်ခဲ့သည့် ကျေးရွာအုပ်စုများဖြစ်သည့် ကျောင်းကုန်း၊ ဇီးဖြူကုန်း၊ ဆိပ်သာ၊ မြစ်ကမ်း၊ သပြေသာ၊ ဝွေးပင်နှင့် အထက်တောင်ကိုင်းကျေးရွာအုပ်စုများမှ တောင်သူများ၏ ၁၀၇၈ ဧကအတွက် သက်ငယ်မျိုးစပါး(၃၀၅)တင်းနှင့် သွင်းအားစုများကို စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး၊ မတ္တရာမြို့နယ် စိုက်ပျိုးရေး၊ ညှိနှိုင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ဦးစီးမှူး ဦးရဲမင်းသောင်းတို့မှ ပေးအပ်ခဲ့ရာ တောင်သူများမှ လက်ခံရယူ ခဲ့ကြသည်။

အဆိုပါ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် မိုးစပါးစိုက်တောင်သူများအတွက် မြန်မာ့ရေနံ ဓာတုမှ ထုတ်လုပ်ရောင်းချသော ယူရီးယားဓာတ်မြေဩဇာများကိုလည်း မတ္တရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ရွှေရာသား)

၀-၀-၀-၀-၀

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

❁ ရှေ့ဖုံးမှ

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျား၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျား၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ခင်းကျင်းပြသထားသည့် မြန်မာ-တရုတ် ချစ်ကြည်ရေးအထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် နယ်နိမိတ်ချင်းရှည်လျားစွာ ထိစပ်နေသည့် အိမ်နီးချင်းကောင်း မိတ်ဆွေနိုင်ငံများ ဖြစ်ကြကြောင်း၊ ခေတ်အဆက်ဆက်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့်အညီ အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် စစ်မှန်သည့် အိမ်နီးချင်းကောင်းပီသမှုတို့ကို အခြေခံပြီး နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံမှုကို ပိုမိုတိုးတက်ခိုင်မာအောင် ကြိုးပမ်း ဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ နှစ်နိုင်ငံအကြား "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး လိုအပ်ချိန်တိုင်းတွင် အပြန်အလှန်ကူညီပံ့ပိုးရပ်တည်ပေးနေသည့် နိုင်ငံများလည်း ဖြစ်ကြကြောင်း။

ထို့ပြင် ကဏ္ဍအသီးသီးတွင် ဘက်စုံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေပြီး အပြန်အလှန်နားလည်မှုကို မြှင့်တင်ပေးနိုင်ခဲ့ကြောင်း၊ နှစ်နိုင်ငံအကြား မဟာဗျူဟာကျသည့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအောက်တွင် ရှိသည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ခဲ့ကြောင်း၊ လာမည့်ကာလများတွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ သာမက ယဉ်ကျေးမှုနှင့် ပညာရေး အစရှိသည့် ပြည်သူအချင်းချင်း ချိတ်ဆက်မှုများကိုလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

တရုတ်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် ဆက်လက်ပံ့ပိုးကူညီပေးနေမှုများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာစင်မြင့်များတွင် အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတို့တွင် မြန်မာနိုင်ငံဘက်မှ အပြုသဘော ထောက်ခံကူညီပေးနေမှုများအတွက်လည်း များစွာတန်ဖိုးထားပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၇) နှစ်မြောက် နှစ်ပတ်လည် အခါသမယတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သာယာဝပြောပါစေကြောင်းနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ထာဝရတည်တံ့ပါစေကြောင်း ပြောကြားသည်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၇)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် တရုတ်နိုင်ငံသံအမတ်ကြီးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၇) နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူညစာကိုအတူတကွသုံးဆောင်သည်။ ညစာသုံးဆောင်နေစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ အနုပညာအဖွဲ့နှင့် သံရုံးမှ ဝန်ထမ်းများက ရိုးရာယဉ်ကျေးမှု အကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

သတင်းစဉ်

---




○ အားကောင်းသောမုန်တိုင်းငယ်မှ

အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံ ကျောက်ဖြူမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၄၇၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့ဘက် ရေမိုင် ၁၂၀ မိုင်ခန့်နှင့် ဂိုလ်ပါပူမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၈၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် ည ၁၀ နာရီခွဲတွင် မြောက်လတ္တီကျု ၁၈.၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၅.၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက် လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့်ဖြစ်သည်။

**နောက် ၃၆ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်း-ဩရိသပြည်နယ် တောင်ပိုင်းကမ်းခြေတို့ကို ဗီဆာကာပတ္တနမ်မြို့နှင့် ဂိုလ်ပါပူမြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနိုးဆော်ချက်**

အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၂၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

---

✻ (၂၃) ကြိမ်မြောက်မှ

စက်တင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ခေတ်မီနည်းပညာသုံးစိုက်ပျိုးရေး (Smart Agriculture)၊ ဒီဂျစ်တယ်စီးပွားရေး (Digital Economy) နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး (Poverty Alleviation) စသည့် ကဏ္ဍများကို အဓိကထားဆွေးနွေးခဲ့ပြီး အဆင့်မြင့်ဆွေးနွေးပွဲများ (High-Level Dialogues) ကို ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

တရုတ်(ကွမ်ရှီး)-အာဆီယံ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုကွန်ဖရင့်သို့ တက်ရောက်ရန် နန်နင်းမြို့၌ရောက်ရှိနေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲဖွင့်ပွဲသို့ အာဆီယံအဖွဲ့ဝင်ခုနစ်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များနှင့် အတူ တက်ရောက်သည်။

ညနေပိုင်းတွင် တရုတ်(ကွမ်ရှီး) - အာဆီယံ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုကွန်ဖရင့် ဖွင့်ပွဲတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ဒုတိယဝန်ကြီးဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြားပြီး တရုတ်(ကွမ်ရှီး)-အာဆီယံစိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများအတွက် သဘောတူညီမှု လက်မှတ်ရေးထိုးပွဲ၌ အသိသက်သေအဖြစ် မှတ်တမ်းတင်ပါဝင်၍ ခေတ်မီနည်းပညာသုံးစိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုကိုဖော်ဆောင်၍ အရည်အသွေးမြင့် ထုတ်လုပ်မှုစွမ်းအားများ ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းမြှင့်တင်ခြင်း စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို ကြည့်ရှုလေ့လာပြီး JJR Science and Technology Group Co., Ltd. သို့ သွားရောက်၍ ဂြိုဟ်တုအသုံးပြု အဝေးထိန်းချုပ်သည့် နည်းပညာဖြင့် ရေပေးသွင်းခြင်း၊ ဓာတ်မြေဩဇာအရည်များ ထည့်သွင်းခြင်း၊ AI ရုပ်ပုံကားချပ်ဖြင့် ဆန်းစစ်ခြင်း၊ စုစည်းထားသော တိကျမှန်ကန်သည့် ယခင်မိုးလေဝသကိန်းဂဏန်းအချက်များနှင့် ယခုကိန်းဂဏန်းအချက်အလက်များကို နှိုင်းယှဉ်လေ့လာခြင်း၊ သီးနှံကြီးထွားမှုနှင့် ဖျက်ပိုးကျရောက်မှုများကို စောင့်ကြည့်လေ့လာ၍ သတိပေးခြင်း၊ တိကျမှန်ကန်သည့် ကိန်းဂဏန်းအချက်အလက်များဖြင့် စနစ်ကျသော စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများတွင် ဝန်ဆောင်မှုပေးခြင်းနှင့် အွန်လိုင်းမှသစ်သီးဝလံများ ကုန်သွယ်ခြင်းဆောင်ရွက်နေမှုနှင့် JJR Science and Technology Group Co., Ltd. ၏ AI နည်းပညာအသုံးပြု ဘလူးဘယ်ရီ(Blueberry) စိုက်ခင်းတို့ကိုကြည့်ရှုလေ့လာသည်။

စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် Guangxi Aquatic and Animal Husbandry School သို့သွားရောက်၍ ငါးမွေးမြူရေးနည်းပညာ၊ ငါးမျိုးစိတ်များမျိုးပွားထုတ်လုပ်ခြင်း၊ ရေထွက်သတ္တဝါများ၏ ရောဂါကာကွယ်/ကုသရေး၊ အစာနှင့် အာဟာရစီမံခန့်ခွဲမှု၊ ရေအရည်အသွေးစီမံခန့်ခွဲမှု၊ ရေထွက်ပစ္စည်းထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ၊ နွား၊ ဝက်၊ ကြက် စသည့်မွေးမြူရေးတိရစ္ဆာန်များ မွေးမြူထုတ်လုပ်ခြင်း၊ တိရစ္ဆာန်အာဟာရနှင့် အစာကျွေးစနစ်၊ မျိုးပွားရေးနှင့် မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး၊ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေး၊ မွေးမြူရေးခြံစီမံခန့်ခွဲမှု၊ တိရစ္ဆာန်ထွက်ကုန်များ ထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးထိန်းသိမ်းခြင်း၊ အအေးခန်း/ Cold Chain၊ သစ်သီး၊ ဟင်းသီးဟင်းရွက်၊ ဆန်/ဆီ ထွက်ကုန်၊ မွေးမြူရေးထွက်ကုန်များ ပြုပြင်ထုတ်လုပ်ခြင်း၊ Quality Control နှင့် Food Safety တို့ကိုလေ့လာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

✻ မတ္တရာမြို့နယ်မှ

မီးသုံးသူ အိမ်ထောင်စု ၁၁၃ အိမ်သို့ လျှပ်စစ်ဓာတ်အားများ ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်သည်။

မြို့နယ်လျှပ်စစ်မန်နေဂျာရုံးအနေဖြင့် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေး ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၂၁ ရက်အထိ ကျေးရွာပေါင်း ၂၀ တွင် လျှပ်စစ်မီး ပြန်လည်ရရှိပြီဖြစ်ကြောင်း သိရသည်။

ရွှေရာသား

**လျှပ်စစ်သုံးလျှင်**
**သတိယှဉ်**
**ဝန်အားမမျှ မသုံးရ**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

နေပြည်တော် စက်တင်ဘာ ၂၂

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၃၅ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၅ ဒသမ ၄၄ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက် ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ဦးစွာ ဘိုကလေးမဲဆန္ဒနယ်မှ ဦးစန်းမောင်၏ **ဧရာဝတီတိုင်းဒေသကြီး၌ ဓာတ်မြေဩဇာစက်ရုံကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်တွင် ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရန်ကိစ္စနှင့် စပ်လျဉ်း၍ အရည်အသွေးပြည့်မီသော သဘာဝဓာတ်ငွေ့ရရှိနိုင်မှုအခြေအနေနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ချိတ်ဆက်နိုင်မှုအခြေအနေများအရ လတ်တလောတွင် တည်ဆောက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ပြည်တွင်းမှ သဘာဝဓာတ်ငွေ့များ တိုးမြင့်ရရှိလာမှုနှင့်အတူ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်ပြီးစီးပါက နယ်မြေဒေသ၏လိုအပ်ချက်နှင့် ဈေးကွက်ဖြစ်ထွန်းမှုအခြေအနေအလိုက်ဓာတ်မြေဩဇာစက်ရုံအသစ်များ တည်ဆောက်ခြင်းကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လပွတ္တာမဲဆန္ဒနယ်မှ ဦးဝင်းဆွေ(ခ) ဦးဝင်းရွှေ၏ **လပွတ္တာမြို့နယ်အတွင်းရှိ လယ်ယာလုပ်ငန်းခွင်များနှင့် ရေယာဉ်များတွင်အသုံးပြုရန်အတွက် စက်သုံးဆီအား လွယ်ကူအဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် လပွတ္တာမြို့နယ် အပါအဝင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ လယ်ယာ လုပ်ငန်းခွင်များနှင့် ရေယာဉ်များတွင် အသုံးပြုရန် အတွက် စက်သုံးဆီအား လွယ်ကူ အဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရေး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန နှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့အနေဖြင့် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်းနှင့် လိုအပ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မူဆယ်မဲဆန္ဒနယ်မှ ဦးအောင်ဇော်မိုး(ခ) အောင်ဇော်မိုးထွန်း၏ **မူဆယ်မြို့တွင် စက်သုံးဆီဈေးနှုန်း သက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်ရန်အတွက် စက်သုံးဆီကို တရုတ်နိုင်ငံမှ တင်သွင်းနိုင်ရေး သွင်းကုန်လိုင်စင်အား မည်သည့် အချိန်တွင် စတင်ချထားပေးမည်၊ အစီအစဉ်မရှိပါက မည်သည့် အတွက်ကြောင့် ဖြစ်သည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် မူဆယ်ကုန်သွယ်ရေး လမ်းကြောင်း၏ လက်ရှိနယ်မြေ အခြေအနေများကြောင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း စက်သုံးဆီ တင်သွင်းရန် အခက်အခဲများရှိနေသော်လည်း ယခင်တင်သွင်းခဲ့မှု အခြေအနေအရ လည်းကောင်း၊ အခြား နယ်စပ်စခန်းများမှ တင်သွင်းနိုင်မှု အခြေအနေများ အရလည်းကောင်း စိစစ်၍ ပြန်လည် တင်သွင်းခွင့်ပြုနိုင်ရန် တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ခနော်ဖြူမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ခနော်ဖြူမြို့နယ် ဖန်ခါးကွင်း၊ ကျွဲတလင်းနှင့် ညောင်ကုန်းကျေးရွာချင်းဆက် လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပြုပြင်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ခနော်ဖြူမြို့နယ်ရှိ ဖန်ခါးကွင်း-ကျွဲတလင်း-ညောင်ကုန်းကျေးရွာချင်းဆက် မြေသားလမ်း (၂)မိုင် (၁)ဖာလုံရှိသည့်အနက် ကျောင်းစုကျေးရွာအုပ်စုမှ ဖန်ခါးကွင်းကျေးရွာ၊ ကျွဲတလင်းကျေးရွာ၊ ညောင်ကုန်းကျေးရွာတို့၏ ရွာချင်းဆက်မြေသားလမ်းသည် အရှည် ပေ ၈၅၀၀ ရှိပြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းစာရင်းတွင် ပါဝင်ခြင်းမရှိသေးသည့်အတွက် ဌာနပိုင်လမ်းစာရင်းတွင် ထည့်သွင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါလမ်းမှာ အကျယ် ၁၅ပေ ခန့်သာရှိသော မြေသားလမ်းဖြစ်သည့်အတွက် လိုအပ်သော လမ်းအကျယ် ရရှိသည့်အထိ လမ်းတာပေါင်ချဲ့ခြင်း လုပ်ငန်းကို ဦးစွာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါလမ်းအား ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ အကန့်အသတ်အတွင်းမှ ပြင်ဆင်ပေးသွားမည်ဖြစ်ပြီး ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ရန် ထပ်မံလိုအပ်ပါက ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ကျန်အပိုင်းများကို ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မာန်အောင် မဲဆန္ဒနယ်မှ ဦးကျော်သန်း၏ **မာန်အောင်မြို့နယ် ဆင်နားချောင်ကျေးရွာမှ ဒိုးတန်းကျေးရွာအထိ ကျန်ကျောက်ချော လမ်းအား ကွန်ကရစ်လမ်းအဖြစ် မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ် ဆင်နားချောင်ကျေးရွာမှ ဒိုးတန်းရွာထိ လမ်းပိုင်းသည် စုစုပေါင်းအရှည် (၆)မိုင် (၄ ဒသမ ၁၅)ဖာလုံရှိပြီး ဆင်နားချောင်ကျေးရွာမှ လက်မဲပြင်ကျေးရွာအထိလမ်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းပိုင်းဖြစ်ပါကြောင်း။

သိမ္ဗလ- ဆင်နားချောင်-ကင်းတဲ- လက်မဲပြင်အထိ လမ်းအရှည်(၅)မိုင် (၀ ဒသမ ၁၅) ဖာလုံရှိရာ လက်ရှိလမ်းအခြေအနေမှာ (၁၂)ပေကွန်ကရစ်လမ်း (၁)မိုင်(၃ ဒသမ ၃၅) ဖာလုံနှင့် ကျောက်ချောလမ်း (၃)မိုင် (၄ ဒသမ ၈) ဖာလုံဖြစ်ပြီး ပျက်စီးနေသော လမ်းပိုင်း (၃)မိုင်(၂ ဒသမ ၃) ဖာလုံအား ဖြန်းကျောက်စရစ်ခင်းပြုပြင်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် (၃၈ ဒသမ ၇) သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်ရှိလမ်းပိုင်းအနက် (၂ ဒသမ ၅) ဖာလုံကို ကွန်ကရစ်လမ်းအဖြစ် လာမည့်ဘဏ္ဍာနှစ်တွင် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

လက်မဲပြင်-ဒိုးတန်း-နဂါးလမ်းအထိ လမ်းအရှည် (၄)မိုင် (၄) ဖာလုံရှိပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော Class(B) အဆင့်လမ်းဖြစ်ပါကြောင်း၊ လက်မဲပြင်ကျေးရွာမှ ဒိုးတန်းကျေးရွာအထိ ကျောက်ချောလမ်း (၁)မိုင် (၄) ဖာလုံရှိပြီး ရာသီမရွေး သွားလာနိုင်သောလမ်းဖြစ်၍ ပြင်ဆင်ထိန်းသိမ်းရန် လိုအပ်ပါက ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ အကန့်အသက်အတွင်းမှ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ဒိုးတန်းကျေးရွာမှ နဂါးကျေးရွာအထိ မြေသားလမ်း (၃)မိုင်ရှိပြီး ရာသီမရွေး သွားလာနိုင်သော လမ်းအဖြစ် ဆောင်ရွက်လျက်ရှိရာ မြေသားလမ်း (၃)မိုင်အနက် (၁)မိုင်အား ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပူတာအိုမဲဆန္ဒနယ်မှ ဦးရားနီ၏ **ပူတာအိုမြို့နယ် ပန်းလိုင်ရပ်ကွက်နှင့် ပူတောင်းကျေးရွာဆက်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကချင်ပြည်နယ် ပူတာအိုမြို့နယ်ရှိ ပန်းလိုင်- ပူတောင်း - မုဒုံလမ်းသည် စုစုပေါင်းလမ်းအရှည် (၂) မိုင် (၇) ဖာလုံရှိပြီး ပြည်နယ်မှ စီမံခန့်ခွဲသော Class(A) အဆင့် ကျောက်ချောလမ်းဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် စုစုပေါင်းလမ်းအရှည် (၂) မိုင် (၇) ဖာလုံအနက် (၄)ဖာလုံ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို လျာထားတင်ပြသွားမည် ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညှင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မိုးညှင်းမြို့နယ် မိုးညှင်း-ညောင်ကိုင်း- ကာတူလမ်းပေါ်တွင် သံကူကွန်ကရစ် နန့်ရင်းချောင်းကူးတံတား တစ်စင်းအား မည်သည့် ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မိုးညှင်းမြို့နယ် မိုးညှင်း-ကာတူ-ညောင်ကိုင်း လမ်းပေါ်တွင် ဆွစ်ဇာလန်နိုင်ငံက လှူဒါန်းထားသော အရှည် (၂၁၁) ပေ၊ အကျယ် (၅) ပေရှိ သံမဏိကြိုးဆိုင်းတံတား တည်ရှိပါကြောင်း၊ မိုးတွင်းကာလမှအပ ကျန်ကာလများတွင် ချောင်းအတွင်းမှ ယာဉ်များ သွားလာနိုင်ပြီး ကြိုးတံတားပေါ်မှ လူနှင့် ဆိုင်ကယ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ပါကြောင်း။

ညောင်ကိုင်းနှင့် ကာတူကျေးရွာတို့သည် ရာသီမရွေးသွားလာနိုင်ခြင်း၊ ဆက်သွယ်ရေးပြတ်တောက်မှု မရှိခြင်း၊ အကျိုးပြုရလဒ်အနေဖြင့် ကျေးရွာ နှစ်ရွာ၊ အိမ်ခြေ ၄၆၅ အိမ်၊ လူဦးရေ ၂၄၀၀၊ စိုက်ပျိုးရေး၊ ပညာရေးအနေဖြင့် အလယ်တန်းကျောင်း နှစ်ကျောင်းရှိပြီး ကျန်းမာရေးအနေဖြင့် မိုးညှင်းမြို့သို့ ငါးမိုင်သာကွာဝေးပြီး ရာသီမရွေး သွားလာနိုင်သော ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းမကြီးများမှတစ်ဆင့် အသုံးပြုသွားလာနိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါတံတားသည် ဒုတိယဦးစားပေးလမ်းပေါ်တွင် တည်ရှိသဖြင့် သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက် ပေးနိုင်ရန် လတ်တလော ဦးစားပေးအစီအစဉ်တွင် မပါဝင်သေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းကံ၏ **မိုင်းရှူးမြို့နယ်၌ အားကစားကွင်း ပွဲကြည့်စင်အား မည်သည့် ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက နိုင်ငံတော်အကြီးအကဲက ပြည်သူများ၏ ရုပ်ပိုင်း/စိတ်ပိုင်းဆိုင်ရာ တိုးတက်မြင့်မားရေးနှင့်ပတ်သက်၍ ဒေသအလိုက် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးရန်နှင့် အားကစားကွင်းများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ပေးရန် လမ်းညွှန်ချက်အရ အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် စံချိန်စံညွှန်းမီ အားကစားကွင်း၊အားကစားရုံများနှင့် ဒေသတွင်းအားကစားပြိုင်ပွဲများ ကြည့်ရှုအားပေးနိုင်ရေးအတွက် ပွဲကြည့်စင်များကို ဖြည့်ဆည်းဆောက်လုပ်ပေးလျက် ရှိပါကြောင်း။

ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ်တွင် လူဦးရေ ၁၇၄၆၄၀ ရှိပြီး မြေဧရိယာ ၄ ဒသမ ၆၅ ဧကရှိ မိုင်းရှူးမြို့နယ် အားကစားကွင်းမှာ နှစ်(၃၀)မြေငှားရန် ရရှိထားပြီးဖြစ်ပါကြောင်း၊ အဆိုပါအားကစားကွင်းအတွင်း (အလျား ပေ ၁၃၀၊ အနံ ပေ ၃၀)ရှိ ကွန်ကရစ်ပွဲကြည့်စင်နှစ်ထပ် တည်ဆောက်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်း ၁၁၇၀ အား အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်၏ ပြည်ထောင်စုငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထားတင်ပြ တောင်းခံပေးသွားမည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးကောင်း မဲဆန္ဒနယ်မှ ဦးထွန်းထွန်းအောင်၏ **မိုးကောင်းမြို့ မြို့နယ်အားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ အောက်ခင်းကြမ်းပြင် ပြုပြင်ပေးရန်နှင့် ဘောလုံးကွင်းပွဲကြည့်စင် တစ်ခု ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးညီညီက ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ၏ ပျက်စီးနေသောအောက်ကြမ်းခင်း ပြုပြင်နိုင်ရေးအတွက် ခန့်မှန်းကုန်ကျငွေကျပ် သန်း ၅၄၀ နှင့် အထူးတန်း ပွဲကြည့်စင်၏ ဘယ်ဘက်တွင် ရိုးရိုးတန်း ပွဲကြည့်စင် (အလျား ပေ ၈၀၊ အနံ ပေ ၃၀ ) တစ်ခုကို တည်ဆောက်နိုင်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၅၆၄ သန်း စုစုပေါင်းခန့်မှန်းကုန်ကျငွေကျပ် ၁၁၀၄ သန်းတို့အား အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်၏ ကချင်ပြည်နယ် အားကစားနှင့်

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

ကာယပညာဦးစီးဌာန ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထားနိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမြင့်ကို၏ **တနိုင်းမြို့နယ် ကင်ဆားရပ်ကွက် ပြည်သူ့အားကစားကွင်း၌ဘောလုံးကွင်းပတ်လမ်း၊ ပွဲကြည့်စင်၊ လူငယ်လေ့ကျင့်ရေးဘောလုံးကွင်းနှင့် ဖူဆယ်ဘောလုံးကွင်းရုံတို့ကို တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးညီညီက ကချင်ပြည်နယ် တနိုင်းမြို့နယ် ကင်ဆားရာရပ်ကွက် ပြည်သူ့အားကစားကွင်း အတွင်းတွင် အားကစားခန်းမ၊ အထူးတန်းပွဲကြည့်စင်၊ စကိုးဘုတ်နှင့် ရုံးအဆောက်အအုံများဆောက်လုပ်ထားရှိပြီး စုစုပေါင်းမြေဧရိယာ အလျားပေ ၄၉၀၊ အနံ ပေ ၃၇၀ သာကျန်ရှိသည့်အတွက် တနိုင်းအားကစားကွင်းအတွင်း မီတာ (၄၀၀) ပြေးလမ်းပါ ဘောလုံးကွင်းဖောက်လုပ်ရန်အတွက် မြေဧရိယာလုံလောက်မှု မရှိပါသဖြင့် ဆောင်ရွက်ပေး၍ မရနိုင်ပါကြောင်း။ မြေဧရိယာအကျယ်အဝန်း အလျား ၆၂၂ ပေ၊ အနံ ၃၃၄ ပေရှိမှသာ မီတာ ၄၀၀ ပြေးလမ်းပါ အားကစားကွင်းအဖြစ် ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း။

တနိုင်းမြို့နယ် အားကစားကွင်းအတွင်း လက်ရှိပွဲကြည့်စင် (ပေ ၁၀၀၊ ပေ ၄၀ )အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေမှ ငွေကျပ်သန်း ၉၀ ဖြင့် တည်ဆောက်ခဲ့ပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ တနိုင်းမြို့နယ် အားကစားကွင်း ရိုးရိုးတန်းပွဲကြည့်စင် (ပေ ၁၀၀၊ ပေ ၄၀) တည်ဆောက်ခြင်း လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်း ၇၂၀ နှင့် ဖူဆယ်အားကစားရုံ (ပေ ၁၅၀၊ ပေ ၁၁၀ )တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် သန်း ၃၃၀၀၊ စုစုပေါင်းငွေကျပ် သန်း ၄၀၂၀ တို့အား ဦးစားပေးအလိုက် အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်၏ ကချင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေတွင် ထည့်သွင်း လျာထားနိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်နှင့်အတူ ရှင်းလင်းဖြေကြားသည်။

မကွေးမဲဆန္ဒနယ်မှ ဦးစိုးတင့်နိုင်၏ **မကွေးမြို့နယ်တွင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအားမည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးညီညီက အားကစားရေးရာ ဝန်ကြီးဌာနအနေဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တွင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်း တည်ဆောက်ထားခြင်း မရှိသေးသည့်အတွက် ဖွင့်လှစ်နိုင်ရန် ပထမဦးစားပေး မြေနေရာနှင့် ဒုတိယဦးစားပေး မြေနေရာများကို လျာထားခဲ့ပါကြောင်း။

အဆိုပါ လျာထားမြေနေရာ နှစ်ခုအနက် ပထမဦးစားပေး မြေနေရာအား အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနပိုင် မြေပိုင်ဆိုင်မှုရရှိစေရေးအတွက် ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်သမ္မတရုံးမှ လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်ခွင့် ရရှိခဲ့ပြီး အားကစားရေးရာဝန်ကြီးဌာနပိုင် အခမဲ့မြေလွှဲမိန့် ရရှိရေးအတွက် တစ်နှစ်အတွင်း ရေးဆွဲထားသော မြေစာရင်းပုံစံ(၁၀၅/၁၀၆) လိုအပ်သည့်အတွက် ရေးဆွဲ၍ မြို့နယ်မြေစာရင်းဦးစီးဌာနသို့ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မကွေးမြို့နယ် သပြေစမ်း ကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၇၀-ဂ) အကွက်အမည် (တာလမ်းတောင်ကွင်း) မြေဧရိယာ ၅၂ ဒသမ ၀၉ ဧကအား အားကစားရေးရာ ဝန်ကြီးဌာနပိုင် အခမဲ့မြေလွှဲမိန့် ရရှိပြီးပါက အားကစားနှင့် ကာယပညာသိပ္ပံကျောင်း တည်ဆောက်နိုင်ရေးအတွက် နီးစပ်ရာဘဏ္ဍာရေးနှစ်၏ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေစာရင်းတွင် လျာထားတင်ပြတောင်းခံပေးသွားမည် ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လက်ပံတန်း မဲဆန္ဒနယ်မှ ဦးကျော်သူရ၏ **လက်ပံတန်းမြို့နယ် အုန်းကုန်းရွာတွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုကာကွယ်ထိန်းသိမ်းရေးအတွက် စီမံချက်များအား လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက လက်ပံတန်းမြို့နယ် ကွမ်းသီးတပင် ကျေးရွာအုပ်စု အုန်းကုန်းရွာအနီး ကမ်းပြိုကမ်းစားမှု ကာကွယ်နိုင်ရေးအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တို့တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရေလမ်းကြောင်း ပြောင်းလဲမှုအရ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများအတွက် ကွင်းဆင်းတိုင်းတာ စစ်ဆေးပေးသွားမည် ဖြစ်ပါကြောင်း၊ ကွင်းဆင်းတိုင်းတာ စစ်ဆေးချက်အပေါ် မူတည်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် လျာထားနိုင်ရေး တင်ပြ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သရက်ချောင်း မဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း၏ **သရက်ချောင်းမြို့နယ် ဆင်ဖြူပြင်ရပ်ကွက်ရှိ ဆင်ဖြူပြင် ဆိပ်ခံဘောတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ဆင်ဖြူပြင်ဆိပ်ခံဇောတံတားအား သံကူကွန်ကရစ်ဆိပ်ခံတံတားအဖြစ် ပြောင်းလဲတည်ဆောက်ရန်အတွက် နယ်မြေလုံခြုံရေးအခြေအနေ ကောင်းမွန်လာချိန်တွင် မြေပြင်ကွင်းဆင်းစစ်ဆေး၍ ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှုဆောင်ရွက်ပြီး ရရှိလာသည့် လေ့လာဆန်းစစ်မှုအစီရင်ခံစာအရ တစ်ဆင့်ချင်း ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နောင်မွန်း မဲဆန္ဒနယ်မှ ဦးရယ်ဒမ်းတန်၏ **နောင်မွန်းမြို့ ကဆန်ချောင်း ကမ်းပြိုကာကွယ်ရေးအတွက် မြေထိန်းနံရံ ထပ်မံမြှင့်တင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ကချင်ပြည်နယ် နောင်မွန်းမြို့ ကဆန်ချောင်းအတွင်း ပျက်စီးသွားသည့် ကမ်းထိန်းနံရံများအား ပြုပြင်ခြင်းနှင့် ဆောင်ရွက်ပြီးသော ကမ်းထိန်းနံရံနောက်ဘက်ရှိ တိုက်စားလွယ်သော ကမ်းပါးများအား အမြင့် ၁၀ ပေအထိ မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြစ်ကြောင်းနှင့် မြစ်ကမ်းပါးပြောင်းလဲမှု အခြေအနေများအား ကွင်းဆင်းတိုင်းတာစစ်ဆေးသွားမည် ဖြစ်ပါကြောင်းနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့်ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်ဇော်ထက်၏ **ဧရာဝတီမြစ်ကမ်း ဆိပ်ဖြူဘက်ခြမ်းတွင် သောင်တူးဖော်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ဧရာဝတီမြစ်ကမ်း ဆိပ်ဖြူဘက်ခြမ်းတွင် သောင်တူးဖော်ခြင်း လုပ်ငန်းသည် ဧရာဝတီမြစ် ပင်မအစီအမံအရ လိုအပ်သည့် မြစ်အကျယ်ရရှိရေး ဆောင်ရွက်သည့် လုပ်ငန်းဖြစ်ခြင်း၊ သောင်တူးရာမှ ထွက်ရှိလာသည့် တူးစာများကို ဆိပ်ဖြူဘက်ကမ်း၌ စွန့်ပစ်ရာတွင် အလွယ်တကူ ပြန်လည်ပို့ချခြင်း၊ မျောပါခြင်း မရှိစေရန် စက်ကြီးများဖြင့် စနစ်တကျ ဖိကြိတ်ဆောင်ရွက်ထားခြင်း၊ မြစ်အကျယ်ချဲ့ခြင်းဖြင့် အနော်ရထာတံတား၏ တံတားတိုင် ရေတိုက်စားဒဏ်ခံရမှုအား လျှော့ချပေးနိုင်ခဲ့၍ ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်မှု လုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ကာကွယ်ပေးနိုင်ပါ၍ အမှန်တကယ်ဆောင်ရွက်သင့်သည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် လေ့လာဆန်းစစ်မှုများ သေချာစွာပြုလုပ်ပြီးမှ ဆောင်ရွက်ခဲ့သော လုပ်ငန်းဖြစ်ပါကြောင်းနှင့် အနာဂတ်အစီအမံဖြစ်သော ယောချောင်း ရေစီးရေလာကောင်းမွန်စေရန် ချောင်းဝဖြောင့်ခြင်းလုပ်ငန်းနှင့် အတူ ကမ်းထိန်းခြင်း လုပ်ငန်းများကို လိုအပ်ပါက ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း၏ **အင်္ဂပူမြို့နယ်နောက်မီးအုပ်စုနှင့် ဝက်လဟာအုပ်စုအတွင်းရှိကျေးရွာများ မြစ်ကမ်းထိန်းခြင်းနှင့် မြစ်ကြောင်းလွှဲခြင်း လုပ်ငန်းအား အရေးတကြီး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မကျိုးစုကျေးရွာ၊ ကညင်တပင်ကျေးရွာ၊ ကြို့ကုန်းကျေးရွာတို့နှင့် အင်္ဂပူ-ညောင်ကျိုးကားလမ်း ကမ်းပြိုကမ်းစားခြင်းမှ ရေရှည် ကာကွယ်နိုင်ရန်မှာ တိုက်ရိုက် ကာကွယ်သည့် နည်းစနစ်ထက် သွယ်ဝိုက် ကာကွယ်သည့် နည်းစနစ်ဖြစ်သော Pilot Channel မြစ်ဖြတ်မြောင်း ဖောက်လုပ်နိုင်မှသာ ထိရောက် အောင်မြင်နိုင်မည်ဟု လွှတ်တော်ကိုယ်စားလှယ်ကြီး၏ တင်ပြချက်သည် မှန်ကန်ပါသဖြင့် မြစ်ဖြတ်မြောင်းဖောက်လုပ်နိုင်ရေးအတွက် အင်္ဂပူမြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့ရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူလူထုတို့ သဘောတူညီမှုရရှိစေရန် ဦးစွာညှိနှိုင်းဆွေးနွေးရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆွေးနွေးမှုရလဒ်အပေါ် မူတည်ပြီးမှသာ ဝန်မြစ်ဖြတ် တူးမြောင်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဝန်မြစ်ရေတိုက်စားမှုကာကွယ်ရေးသည် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နည်းပညာဆိုင်ရာ အကူအညီများ ပူးပေါင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ကသာမဲဆန္ဒနယ်မှ ဦးတင်ဌေးက **"ဧရာဝတီမြစ်အတွင်း ရေကြောင်းသွားလာရေးကို တစ်နှစ်ပတ်လုံးဆောင်ရွက်နိုင်စေရေးအတွက် မြစ်ကြောင်းစီမံခန့်ခွဲမှုလုပ်ငန်းများကို အမျိုးသားအဆင့် စီမံကိန်းတစ်ရပ်အဖြစ် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကိုတင်သွင်းရာ ကလေးဝ မဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ အမည်ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ ကော်မတီဟု ပြင်ဆင်ပြီး ကော်မတီဝင်များ အစားထိုး ပြောင်းလဲခြင်းကို လည်းကောင်း၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီ၏ တာဝန်များအား ပြင်ဆင် သတ်မှတ်ခြင်းကို လည်းကောင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် မြန်မာ-ဗီယက်နမ်၊ မြန်မာ-ဂျပန်၊ မြန်မာ - တရုတ်နှင့် မြန်မာ - လာအို လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အဖွဲ့များ ဖွဲ့စည်းကြောင်းနှင့် ယင်းအဖွဲ့များတွင်ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်းများ၊ အဖွဲ့ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၏ အမည်စာရင်းများကို လွှတ်တော်သို့ အသိပေးတင်ပြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ပေးပို့ထားသော **"ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်က ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲ အလိုက် လွှတ်တော်၏အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးတတိယနေ့ကို စက်တင်ဘာ ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

## (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ချောက် စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့ နံနက် ၇ နာရီက ချောက်မြို့၊ အမှတ်(၁၀)ရပ်ကွက်၊ အေးစေတီရပ်၊ မြို့ဦးစေတီဘုရား၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ချောက်ခရိုင် ခေတ္တ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝေ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသန်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးမင်းမင်းစိုး၊ အရာရှိနှင့် အခြားအဆင့် ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၅၀ ဦးတို့က အမှတ်(၁၀)ရပ်ကွက်၊ အေးစေတီရပ်၊ မြို့ဦးစေတီဘုရားပရိဝုဏ်အတွင်း၊ အပြင် သန့်ရှင်းသာယာလှပရေးအတွက် တံမြက်စည်းလှည်းခြင်း၊ ပေါင်းမြက်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များကို စနစ်တကျ ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**



# တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ရှေ့မှောက်၌ ကတိသစ္စာ မပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ငါးဦးက ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၇ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

မိမိတို့ အမျိုးသားလွှတ်တော်သည် ပြီးခဲ့သည့် ဒုတိယပုံမှန် အစည်းအဝေး ကာလအတွင်း နိုင်ငံတော်အတွက် လိုအပ်သည့် ဥပဒေကြမ်းများကို ဆွေးနွေးခြင်း၊ ပြည်သူလူထု၏ အသံနှင့် လိုအပ်ချက်များကို ဖော်ထုတ်ပေးနိုင်မည့် မေးခွန်းနှင့် အဆိုများကို ဆွေးနွေးဆုံးဖြတ်ခြင်း စသည့် လွှတ်တော်၏ တာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း။

ယခုကျင်းပသည့် တတိယ ပုံမှန်အစည်းအဝေးတွင်လည်း နိုင်ငံတော်အတွက် လိုအပ်သည့် ဥပဒေကြမ်းများ ဆွေးနွေးခြင်း၊ ပြည်သူ့အကျိုးပြု မေးခွန်းများနှင့် အဆိုများကို ဆွေးနွေးခြင်း စသည့် လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

လွှတ်တော်ကော်မတီ အသီးသီးအနေဖြင့်လည်း မိမိတို့၏ သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ လွှတ်တော်ကော်မတီအလိုက် မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် ဥပဒေများထဲမှ လေ့လာပြီး ဥပဒေများကိုလည်း တွေ့ရှိချက်များ တင်ပြပေးရန် ဖြစ်ကြောင်း။

ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များ ဥပဒေကြမ်း တင်သွင်းရန်ရှိလာပါက တစ်ပြေးညီဖြစ်စေရန် တင်သွင်းရမည့်နမူနာပုံစံများကိုလည်း ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ မိမိတို့ကော်မတီများအလိုက် ဆောင်ရွက်ရန်တာဝန်ရှိသည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ရာတွင် အထောက်အကူဖြစ်မည် ဖြစ်ကြောင်း။

ယခု တတိယပုံမှန် အစည်းအဝေးအတွင်း လွှတ်တော်ကိုယ်စားလှယ်များ အားလုံးသည် မိမိတို့၏အသိ၊ ဉာဏ်ပညာ၊ အတွေ့အကြုံများနှင့် စေတနာများကို အရင်းခံပြီး နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးရှိစေမည့် ရလဒ်ကောင်းများ ထွက်ပေါ်လာအောင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းနှုတ်ခွန်းဆက်သအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မာလာဆန်း၏ **ပညာရေးဝန်ထမ်းများအား ရာထူးတိုး/ပြောင်းရွှေ့နေရာချထားပေးရာတွင် ဝန်ထမ်းများ မူလနေရပ်ဒေသရှိ အခြေခံကျောင်းများ၌ ဦးစားပေးနေရာချထားရန် အစီအစဉ် ရှိ/မရှိ နှင့် ဆရာ/ဆရာမများ လစ်လပ်မှုများပြားသော ကျေးလက်ကျောင်းများတွင် ဒေသခံ ဆရာ/ဆရာမများဖြင့် အစားထိုး ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်းများရှိသင်ကြားရေး ဆရာ ဆရာမများ၏ လစ်လပ်နေရာများတွင် ဖြည့်ဆည်းခန့်ထားရာ၌ ကျောင်းသားဦးရေအရ ဆရာလိုအပ်ချက်ရှိသော ကျောင်းများအား ဦးစားပေး ဖြည့်ဆည်းခန့်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

နယ်မြေဒေသ မအေးချမ်းသည့်ဒေသမှ ဆရာ ဆရာမများကို နီးစပ်ရာဒေသများတွင် တွဲဖက်ပေးထားခြင်းဖြင့်သာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖြည့်ဆည်းခန့်ထားရာတွင် ရာထူးတိုးသို့မဟုတ် အပြောင်းအရွှေ့လျှောက်ထားသော ပညာရေးဝန်ထမ်း၏ ဦးစားပေးအလိုက် ဆန္ဒပြုကျောင်းနှင့် ဒေသအား လုပ်သက်ရမှတ်၊ တန်းစီဇယားတို့နှင့် လစ်လပ်နေရာတို့အပေါ် မူတည်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆရာ ဆရာမများ လစ်လပ်လျက်ရှိသော ကျောင်းများတွင် ပညာရေးဒီဂရီကောလိပ်သင်တန်းဆင်းများအား လျာထားခန့်ထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လတ်တလော လစ်လပ်မှုရှိနေသည့် ကျောင်းများတွင် သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများ၏ အစီအစဉ်ဖြင့် ပြည်နယ်တွင်း အစားထိုးဖြည့်ဆည်း၍ သင်ကြားရေး အောင်မြင်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

တနင်္သာရီ တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု အောင်မင်္ဂလာရပ်ကွက် သုခ(၃)လမ်းရှိ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းတွင် ပျက်စီးလျက်ရှိသော မြေသားလမ်း ပေ ၈၂၀ အား ကွန်ကရစ်လမ်းခင်းပေးရန်၊ ပြိုကျပျက်စီးနေပြီဖြစ်သော ကျောင်းခြံစည်းရိုး အုတ်တံတိုင်းနှင့် အသစ်ပြုလုပ်ရန် ကျန်ရှိသော ကျောင်းခြံစည်းရိုး အုတ်တံတိုင်း ၈၁၉ ပေအား ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်ကာလအတွင်း ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွက် အဆွရာယ်ကျောင်းဆောင်များဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း သုံးခု၊ တိုးတက်လာသော ကျောင်းသားဦးရေအရ တိုးချဲ့အသစ်ဆောက်လုပ်ခြင်း လုပ်ငန်း နှစ်ခု၊ အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း တစ်ခု၊ ရုံးများ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း တစ်ခု၊ သိပ္ပံဆောင်များအသစ်ဆောက်လုပ်ခြင်း တစ်ခု၊ စာကြည့်တိုက်များ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း လေးခု စုစုပေါင်းလုပ်ငန်း ၁၂ ခုအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၅၄၈၁ ဒသမ ၈၀၀ သန်း ပါဝင်ပါကြောင်း။

အဆိုပါ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းခြံစည်းရိုး ပတ်လည် ပေ ၂၂၀၀ ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပေ ၇၀၀၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ပေ ၄၃၀ ကို ဌာနရန်ပုံငွေဖြင့် ကာရံခဲ့ပြီး ၂၅၁ ပေအား ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကာရံထားပြီး ဖြစ်ပါကြောင်း၊ လိုအပ်သည့် ၈၁၉ ပေအား အုတ်တံတိုင်း ကာရံပေးနိုင်ရန် အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ဖြင့်လည်းကောင်း၊ ရေကြီးရေလျှံမှုများကြောင့် ပျက်စီးနေသော ကျောင်းအဝင်လမ်း ပေ ၈၂၀ x ၄ ပေ x ၃ လက်မဒုအား ကွန်ကရစ်လမ်း ခင်းပေးရန် အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ဖြင့် လည်းကောင်း ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီ တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးဉာဏ်ထွန်း၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ၁၂၀x၃၀x၁၂ ပေရှိ အဆွရာယ်ရှိသော တစ်ထပ်(၄ဝါဆောင်)အားဖျက်သိမ်း၍ ပေ ၁၄၀x၃၀ RCC (၃)ထပ် ကျောင်းဆောင်သစ်တစ်ဆောင်ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် သို့မဟုတ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုမိန့်ချထားပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မြိတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်းအဆင့် ကျောင်းသား ၁၅၉၃ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ၈၇၀၊ အထက်တန်းအဆင့်ကျောင်းသား ၇၇၄ ဦး စုစုပေါင်းကျောင်းသား ၃၂၃၇ ဦး ရှိပြီး ကျောင်းဆောင်များအနေဖြင့် စုစုပေါင်း ကျောင်းဆောင် ၁၅ ဆောင်၊ စာသင်ခန်း ၅၇ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကျောင်းတွင် လက်ရှိ စာသင်ခန်း ၅၇ ခန်းဖြင့် သင်ကြားနေရသည့်အတွက် စာသင်ခန်း ထပ်မံလိုအပ်နေပြီး အဆွရာယ်ဆောင်ဖြစ်သည့် ၄ဝါဆောင် ပေ ၁၂၀ x ၃၀ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်အား ဖျက်သိမ်း၍ ပေ ၁၄၀ x ၃၀ RCC သုံးထပ် ဆောက်လုပ်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဦးစိုးမင်းစမ်း၏ **မွန်ပြည်နယ် ကျိုက်ထိုခရိုင် ဘီးလင်းမြို့နယ် ကင်းရွာကျေးရွာရှိ ကင်းရွာ အခြေခံပညာအထက်တန်းကျောင်းမှ မြန်နန္ဒာ ကျောင်းဆောင်သည် သက်တမ်း ၂၉ နှစ်ရှိပြီး အလွန်ဆိုးရွားစွာပျက်စီးနေပြီ ဖြစ်ပါသောကြောင့် ၎င်းကျောင်းဆောင်အား ဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် ဆောက်လုပ်ပေးမည်ဆိုပါက အစောဆုံးဘတ်ဂျက်တွင် ထည့်သွင်း ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်း စုစုပေါင်း လုပ်ငန်း ၁၂ ခုအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၂၆၆၆ ဒသမ ၆၇၀ သန်း ပါဝင်ပါကြောင်း၊ မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကင်းရွာ အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်းအဆင့် ကျောင်းသား ၃၈၉ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ၅၄၆ ဦး၊ အထက်တန်းအဆင့်ကျောင်းသား ၁၃၅ ဦး ကျောင်းသားပေါင်း ၁၀၇၀ တက်ရောက် သင်ကြားလျက်ရှိပါကြောင်း၊ အဆိုပါကျောင်းတွင် အဆွရာယ်ရှိ ကျောင်းဆောင် မြန်နန္ဒာအဆောင် အပါအဝင် ကျောင်းဆောင် ခုနစ်ဆောင်တွင် စာသင်ခန်း ၃၁ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါကျောင်းဆောင်များအနက် မြန်နန္ဒာဆောင် ပေ ၁၅၀ x ၃၀ အုတ်ညှပ် တစ်ထပ်ဆောင်တွင် ဘီးလင်းမြို့နယ် ပညာရေးမှူးရုံးမှ ကျောင်းဆောင်စိစစ်ရေးအဖွဲ့၏ ကွင်းဆင်း စစ်ဆေးချက်အရ သက်တမ်း ၂၇ နှစ်ရှိပြီး ကျောင်းဆောက်လုပ်စဉ်က လယ်ယာမြေဖြစ်သောကြောင့် ယခုအခါ ကျောင်းဆောင်၏ အောက်ခြေကြမ်းခင်းများနှင့် အုတ်နံရံများ ကွဲအက်နေခြင်း၊ အမိုးနှင့် မျက်နှာကြက်မိုးယိုမှုများ ဖြစ်ပေါ်နေသည့်အတွက် အဆိုပါကျောင်းဆောင်အားဖျက်သိမ်းပြီး ကျောင်းသားဦးရေအရ လိုအပ်နိုင်သည့်အပေါ်တွင်စိစစ်၍ နီးစပ်ရာ ဘဏ္ဍာရေးနှစ်တွင် အသစ်ထပ်မံဆောက်လုပ်ပေးနိုင်ရေး တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်း တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၃) ဒေါ်ကျော့ယဉ်ဝင်း၏ **စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ တစ်ထပ်ကျောင်းဆောင် နှစ်ဆောင်နှင့် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းခွဲအတွင်းရှိ နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်တို့မှာ ကျောင်းဥပမိရပ် မကောင်းတော့ဘဲ ယိုယွင်းပျက်စီး ဆွေးမြည့်နေပြီဖြစ်ပါသဖြင့် ဖျက်သိမ်းခွင့်ပြုရန်နှင့် ၎င်းနေရာများတွင် အစားထိုးလျက် ၁၇၀x၃၀x၂၅ ပေ RCC နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်နှင့် ၁၀၀x၃၀x၂၂ ပေ RCC နှစ်ထပ် ကျောင်းဆောင် တစ်ဆောင်တို့အား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ကလေးဝ အခြေခံပညာအထက်တန်းကျောင်းတွင် အလယ်တန်းအဆင့်ကျောင်းသား ၆၁၁ ဦး၊ အထက်တန်းအဆင့်ကျောင်းသား ၁၉၇ ဦး စုစုပေါင်း ကျောင်းသား ၈၀၈ ဦး သင်ကြားလျက်ရှိပြီး ကျောင်းဆောင်များအနေဖြင့် အဆွရာယ်ဆောင် ပေ ၉၆ x ၃၀ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်၊ အဆွရာယ်ဆောင် ပေ ၈၀ x ၃၀ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ် အပါအဝင် စုစုပေါင်းကျောင်းဆောင် ခုနစ်ဆောင်၊ စာသင်ခန်း ၃၅ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။ စာမျက်နှာ ၇ သို့ ❍



တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ (၉)ကြိမ်မြောက် ဒူးမားလွှတ်တော်ရွေးကောက်ပွဲသို့ သွားရောက်လေ့လာခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ (၉)ကြိမ်မြောက် ဒူးမားလွှတ်တော်ရွေးကောက်ပွဲသို့ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ လေ့လာရေးခရီး သွားရောက်ခဲ့သည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့်အဖွဲ့သည် ယနေ့ညနေ ၄ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

## ပါဝင်တက်ရောက်

လေ့လာရေးခရီးစဉ်အတွင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. Pavel Andreev နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် သတင်းအချက်အလက်စင်တာသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဆောင်ရွက်ပုံနည်းလမ်းများကို လေ့လာခြင်း၊ ပြည်သူ့ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးဌာနချုပ် (Public Election Observation Head Quarters) သို့ သွားရောက်လေ့လာခြင်းနှင့် စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် "Elections in Times of Turbulence" ခေါင်းစဉ်ဖြင့်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာညီလာခံသို့ ပါဝင်တက်ရောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် သတင်းအချက်အလက်စင်တာ၌ လေ့လာစဉ်။

ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အတွင်း မော်စကိုမြို့ Central Administrative Okrug၊ Tagansky District ရှိ မဲရုံအမှတ် ၁၈၂၊ Southern Administrative Okrug၊ Donskoy District ရှိ မဲရုံအမှတ် ၁၇၇၂ နှင့် ၁၇၇၉၊ Moscow Oblast၊ Klinsky District ရှိ မဲရုံအမှတ် ၈၈၂၊ ၈၈၃ နှင့် ၈၈၄ တို့သို့ သွားရောက်လေ့လာခဲ့ပြီး မဲလက်မှတ်အသုံးပြု မဲပေးနေမှု၊ E-Voting စနစ်ဖြင့် မဲပေးနေမှုတို့ကို လေ့လာကြည့်ရှု၍ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ မဲဆန္ဒရှင်စာရင်းစစ်ဆေးသည့်အဆင့်မှသည် မဲပုံးအတွင်းသို့ မဲစာရွက်ထည့်သည့်အဆင့်အထိ အသေးစိတ်လေ့လာကာ မဲရုံဆောင်ရွက်နေမှုအခြေအနေများကို CCTV ဖြင့် စောင့်ကြည့်လေ့လာနေမှုတို့ကိုလည်း လေ့လာကြည့်ရှုခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ (၉)ကြိမ်မြောက် ဒူးမားလွှတ်တော်ရွေးကောက်ပွဲတွင် မဲရုံပေါင်း ၉၁၀၀၀ ကျော်၊ မဲဆန္ဒရှင်စုစုပေါင်း ၁၁၁ သန်းကျော်ရှိပြီး တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီ ၁၁ ပါတီတို့မှ လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၅၂၀၂၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

စက်တင်ဘာ ၂၁ ရက်တွင် ကိုယ်စားလှယ်အဖွဲ့သည် ဗဟိုရွေးကောက်ပွဲ ကော်မရှင်ရုံး၌ ကျင်းပသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာခဲ့ခြင်းနှင့် စပ်လျဉ်းသည့် သုံးသပ်ချက်နှင့် အမြင်ချင်းဖလှယ်ဆွေးနွေးခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မှတ်ချက်ပြုပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူများအဖြစ် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လေ့လာခဲ့ရာတွင် မဲရုံများနှင့် မဲပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများသည် စနစ်ကျနမှုရှိပြီး မဲဆန္ဒရှင်များအနေဖြင့် မည်သည့်နှောင့်ယှက်ဖျက်ဆီးမှု၊ ခြိမ်းခြောက်မှုမျှမရှိဘဲ မိမိတို့၏မဲပေးပိုင်ခွင့်ကို လွတ်လပ်စွာကျင့်သုံးနိုင်သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ မဲရုံတာဝန်ရှိသူများအနေဖြင့် မဲပေးခြင်းနှင့် မဲရေတွက်ခြင်းလုပ်ငန်းစဉ်များကို သတ်မှတ်ထားသည့်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စေ့စပ်တိကျစွာ ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ မဲပေးခြင်းလုပ်ငန်းစဉ်တစ်လျှောက် ပွင့်လင်းမြင်သာမှုရှိပြီး E-voting စနစ်များ၊ Portable Electronic Voting Machine များကိုလည်း အသုံးပြုထားသည့်အတွက် မဲဆန္ဒရှင်များအနေဖြင့် ပိုမိုလွယ်ကူချောမွေ့စွာ မဲပေးနိုင်သည်ကိုလည်း လေ့လာတွေ့ရှိခဲ့ရပါကြောင်း၊ ကျန်းမာရေးမကောင်းသူများနှင့် မသန်စွမ်းသူများအတွက် နေအိမ်မှ မဲပေးခြင်း (Home Voting) စနစ် ဆောင်ရွက်ပေးထားရာ မဲဆန္ဒရှင်များအတွက် အဆင်ပြေစေပြီး မဲပေးမှုရာခိုင်နှုန်း ပိုမိုတိုးတက်စေသည့်စနစ်တစ်ခုအဖြစ် လေ့လာခဲ့ရပါကြောင်း၊ မဲဆန္ဒရှင်များအနေဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသကဲ့သို့ နိုင်ငံရေးပါတီ ကိုယ်စားလှယ်များသည်လည်း ၎င်းတို့၏တာဝန်များကို စနစ်တကျဆောင်ရွက်နေသည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ဒူးမားလွှတ်တော်ရွေးကောက်ပွဲသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အေးချမ်းစွာကျင်းပနိုင်ခဲ့ပြီး လွတ်လပ်မျှတကာ ပွင့်လင်းမြင်သာမှုအပြည့်ရှိသည်ကို တွေ့ရှိရပါကြောင်း ပြောကြားခဲ့သည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာခဲ့ခြင်းနှင့်စပ်လျဉ်းသည့် သုံးသပ်ချက်နှင့် အမြင်ချင်းဖလှယ်ဆွေးနွေးခြင်းအခမ်းအနားတွင် မှတ်ချက်ပြုပြောကြားစဉ်။

## မှတ်ချက်ပြုပြောကြား

ယင်းအခမ်းအနားတွင် လွတ်လပ်သော ဓနသဟာယနိုင်ငံများအဖွဲ့(CIS)၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)တို့မှ လေ့လာစောင့်ကြည့်ရေးအဖွဲ့များ၊ မြန်မာနိုင်ငံအပါအဝင် ဗင်နီဇွဲလား၊ မာလီ၊ ဘာရိန်း၊ အဘ်ခါဇီးယား၊ တာဂျစ်ကစ္စတန်၊ ဘယ်လာရုစ်၊ ကာဇက်စတန်၊ ဥဇဘက်ကစ္စတန်၊ ကာဂျစ်စတန်၊ မော်လဒိုက်၊ သီရိလင်္ကာ၊ ဗဟိုအာဖရိကသမ္မတနိုင်ငံ (CAR)၊ အီကွေဒေါ၊ တွန်ဂါ၊ တောင်ဆူဒန်၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC) နှင့် မာဒါဂတ်စကာနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များ၊ အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် ဗဟိုအာဖရိက စီးပွားရေးနှင့်ငွေကြေးအသိုက်အဝန်းလူငယ်များသမဂ္ဂ (UJ-CEMAC) တို့မှ ကိုယ်စားလှယ်အဖွဲ့များက မှတ်ချက်ပြုပြောကြားခဲ့သည်။

လေ့လာရေးခရီးစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုခလေ့ထုံးစံများ၊ ရိုးရာအကအလှများကိုလည်း လေ့လာခွင့်ရရှိခဲ့ပြီး အထင်ကရနေရာများသို့လည်း လှည့်လည်ကြည့်ရှုခွင့်ရရှိခဲ့သည်။ (၉) ကြိမ်မြောက် ဒူးမားလွှတ်တော်ရွေးကောက်ပွဲသို့ နိုင်ငံပေါင်း ၁၃၃ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၃ ခုမှ ရွေးကောက်ပွဲလေ့လာသူ ၁၁၂၆ ဦး၊ နိုင်ငံပေါင်း ၅၃ နိုင်ငံမှ နိုင်ငံတကာသံတမန် ၁၂၈ ဦး လာရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း(၃/၂၀၂၆)ဖွင့်လှစ်

**စဉ့်ကူး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့တွင် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၃/၂၀၂၆) ဖွင့်ပွဲကို စက်တင်ဘာ ၂၁ ရက် နံနက် ၇ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ထွန်းက သင်တန်းတွင် သင်ကြားပို့ချမည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းတက်ရောက်မည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးများအား သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။



အခမ်းအနားသို့ စဉ့်ကူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ သင်တန်းတက်ရောက်မည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက်သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကို စက်တင်ဘာ ၂၁ မှ အောက်တိုဘာ ၁၀ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စာလွင်(ပြန်/ဆက်)**

# မန္တလေးတက္ကသိုလ် သတ္တဗေဒမိသားစု ဆရာကန်တော့ပွဲအတွက် ငွေလှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေးတက္ကသိုလ် သတ္တဗေဒမိသားစု ကျောင်းသားကျောင်းသူဟောင်းများ၏ ၁၂ ကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို ၂၀၂၆ခုနှစ် အောက်တိုဘာလ ၃၁ရက် စနေနေ့ မနက်တွင် မန္တလေးတက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပသွားမည်ဖြစ်ပါသည်။ သတ္တဗေဒကျောင်းသားဟောင်း မောင်မောင်လှတင့်(မန်းတက္ကသိုလ်)က ၁၂ ကြိမ်မြောက် သတ္တဗေဒ မိသားစုအာစရိယပူဇော်ပွဲကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ဘဏ္ဍာရေးမှူး ကိုဝင်းမောင်ဌေး( ISO ဆေးဆိုင်)ထံ လှူဒါန်းခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

(ဝ၆၈)

# ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည့် စုပေါင်းသွေးလှူဒါန်းပွဲအား CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ယုတ်မာရိုင်းစိုင်းစွာ အကြောင်းမဲ့လာရောက် နှောင့်ယှက်ပစ်ခတ်

နေပြည်တော် စက်တင်ဘာ ၂၂

အကြမ်းဖက်အုပ်စု အဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ သည် နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးပျက်ပြားစေရန်နှင့် ပြည်သူ လူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေး ပစ်မှတ်နှင့် မသက်ဆိုင်သည့် ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်း များအား နှောင့်ယှက်ပစ်ခတ် ခြင်း၊ သစ္စာရှိ နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အပြစ်မဲ့ပြည်သူများ အား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများ ပြည်သူပိုင် အဆောက်အအုံများ အား မီးရှို့ခြင်း၊ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများ ဖော်ဆောင်၍ ဒေသဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူ များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သာသနာတော်အကျိုး သယ်ပိုး လျက်ရှိသော ရဟန်းသံဃာတော် များ၊ အေးချမ်းပျော်ရွှင်စွာ ပညာ သင်ကြားလျက်ရှိသော ကျောင်း သား ကျောင်းသူများအားလက်နက် အားကိုးဖြင့် ခြိမ်းခြောက်ခြင်းနှင့် အနိုင်ကျင့်၊ ဗိုလ်ကျ၊ ဖမ်းဆီး နှိပ်စက် ပစ်ခတ်သတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ ကို နည်းမျိုးစုံဖြင့် ဆင်ခြင်တုံတရား ကင်းမဲ့စွာ ဥပဒေမဲ့ကျူးလွန်လျက် ရှိကြသည်။ ထိုသို့ အကြမ်းဖက်




ဟားခါးမြို့ ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် စုပေါင်းသွေးလှူဒါန်းပွဲအား အကြမ်းဖက်သမားများမှ လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့သည့် တည်နေရာပြပုံ။

လုပ်ရပ်များကို လုပ်ဆောင်လျက် ရှိရာ ယနေ့နံနက်ပိုင်းတွင် CDF အမည်ခံအကြမ်းဖက်သမားများ သည် ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပ သော စုပေါင်းသွေးလှူဒါန်းပွဲသို့ လက်နက်ကြီး၊ လက်နက်ငယ်များ ဖြင့် ယုတ်မာရိုင်းစိုင်းစွာ လာရောက် နှောင့်ယှက် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက်ပိုင်းတွင် ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ကျရောက်မည်ဖြစ်သည့် (၆၂) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် ဟားခါးမြို့ ပြည်သူ့ ဆေးရုံကြီး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပနေစဉ် ဆေးရုံ၏ မြောက်ဘက်မှ CDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူ အင်အား ခုနစ်ဦးခန့်သည် လက်နက်ကြီး၊ လက်နက်ငယ်များ ဖြင့် လူမဆန်စွာ အကြောင်းမဲ့ လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့ ခြင်းဖြစ်သည်။ ထိုသို့ ပစ်ခတ် တိုက်ခိုက်လာသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများသည် အရှေ့ မြောက်ဘက်သို့ ဆုတ်ခွာ ထွက်ပြေးသွားကြောင်း သိရ သည်။

ယခုကဲ့သို့ စစ်ရေးပစ်မှတ်နှင့် မသက်ဆိုင်သည့် ပြည်သူ့ဆေးရုံ ဝင်းအတွင်းသို့ အကြောင်းမဲ့ ဆင်ခြင်တုံတရား ကင်းမဲ့စွာ လာရောက်နှောင့်ယှက် ပစ်ခတ် ခဲ့သည့်အကြမ်းဖက်လုပ်ရပ်အပေါ် ဒေသခံပြည်သူများက စက်ဆုပ် ရွံရှာမုန်းတီးစွာ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိသည်။ အဆိုပါ အကြမ်းဖက်မှုကျူးလွန် ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ က တာဝန်သိဒေသခံပြည်သူများ နှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် လျက်ရှိပြီး နယ်မြေတည်ငြိမ် အေးချမ်းရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ် စောင့်ရှောက်နိုင်ရေး အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကိုလည်း တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

သတင်းစဉ်





ဟားခါးမြို့ ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ ပြုလုပ်နေသည့် မှတ်တမ်းဓာတ်ပုံများ။



အကြမ်းဖက်သမားများ လာရောက်ပစ်ခတ်ခဲ့သည့် ဟားခါး ပြည်သူ့ဆေးရုံ။

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မင်းဘူး စက်တင်ဘာ ၂၂

သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေး တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းဘူးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကို တာဝန်ရှိသူများ စက်တင်ဘာ ၁၈ ရက် ကွင်းဆင်းစစ်ဆေးရာ မကွေးတိုင်းဒေသကြီး ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော် ဇေယဟိန်း၊ မင်းဘူးခရိုင် ဦးစီးမှူး ဦးခင်မောင်ကျော်နှင့် တာဝန်ရှိသူ များက မင်းဘူးမြို့နယ် ကန်ရေ (၁)ကျေးရွာ၌ မြစိမ်းရောင် စီမံ ကိန်းရန်ပုံ ငွေကျပ် သိန်း ၃၀၀ ဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်း စစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းဒေသ ကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက ကန်ရေ(၁)ကျေးရွာ၌ ခေတ်မီစံပြ ကျေးရွာထူထောင်ရေးစီမံကိန်း (Smart Village) ဖြင့် ကျေးရွာ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု အခြေအနေနှင့် မင်းဘူးမြို့နယ် ပိုက်သင်ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ရန်ပုံငွေကျပ် ၉၅ ဒသမ ၇ သန်း ဖြင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့် ရေစင် တည်ဆောက်ခြင်းနှင့် ရေ ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း များဆောင်ရွက်နေမှုကို စစ်ဆေး ပြီး တိုင်းဒေသကြီး ဦးစီးမှူးက မြင့်မိုရ်ရစ်ထားကုမ္ပဏီမှ တာဝန်ခံ အား စင်မြင့်ရေစင်တည်ဆောက် ခြင်းနှင့် လုပ်ငန်းများကို ဌာနမှ သတ်မှတ်ထားသော အတိုင်း အတာ၊ ဒီဇိုင်းအတိုင်း စံချိန်စံညွှန်း ပြည့်မီစွာဖြင့် သတ်မှတ်ကာလ အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် လိုအပ်သည်များပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

အထွေး

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွား မည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန် ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ် ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူ လုပ်ဆောင်ခဲ့သည့် “Mgmg Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပုဏ္ဏားစုရပ်ကွက်နေ တင်ဌေးအား နံနက် ၉ နာရီခွဲတွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

သတင်းစဉ်

❖ စာမျက်နှာ ၂၄ မှ

(ဂ)ရပ်ကွက်နေ မောင်အာကာကျော်(၁၈)နှစ် တို့နှစ်ဦးသည် လူငယ်တစ်စုနှင့် စကားများ ရန်ဖြစ်ကြစဉ် ၎င်းတို့ နှစ်ဦးအား လူငယ်များ က ဝိုင်းဝန်းရိုက်နှက်၍ ဆဲဆိုခြိမ်းခြောက်ကာ ဓားဖြင့်ထိုးခဲ့သောကြောင့် မောင်ဇူဇင်ဝင်းထွဋ် နှင့် မောင်အာကာကျော်တို့နှစ်ဦးတွင် ခန္ဓာ ကိုယ်၌ ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း သတင်းအရ ပြစ်မှုကျူးလွန်သူ လူငယ်များအား ဖော်ထုတ်အရေးယူနိုင်ရေး စမ်းချောင်းမြို့မ ရဲစခန်းတွင် အမှုဖွင့်လှစ်ကာ တရားခံများအား စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အဆိုပါလူငယ် များအား စုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန် ရာတွင်ပါဝင်သူ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၅၆)ရပ်ကွက်နေ မရွှေရည်ဝတီ(ခ) သဒ္ဒါ(၁၈)နှစ်အား ယင်းနေ့ညနေပိုင်းတွင် နေအိမ်မှ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ ပြစ်မှုကျူးလွန်ရာ၌ ပါဝင်သူများဖြစ်သည့် သူရိန်ထွန်း(ခ)Harry(၁၈)နှစ်၊ တင်အောင်ဝင်း (ခ)ဇင်ကို(၁၈)နှစ်၊ နိုင်မင်းခန့်(ခ)အာကာဟိန်း (ခ)ရိုင်ကူး(၁၇)နှစ်အား ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် အရိုး/အသွား ခြောက်လက်မခွဲ ခန့်ရှိ ဓားမြှောင်တစ်ချောင်းနှင့်လည်း ကောင်း၊ အောင်အောင်(ခ)ဘူးသီး(၂၀)နှစ်၊ အောင်မြတ်သူ (ခ)နေသက်တန့်လင်း(ခ) ဘိုကီး(၁၄)နှစ်နှင့် မင်းထက်ကျော်(ခ) ကောင်းစည်သူ (ခ)K(၁၇)နှစ်၊ ပြည့်စုံအောင် (၁၆)နှစ်တို့ကိုလည်းကောင်း ထပ်မံဖမ်းဆီး ရမိခဲ့ပြီး မှုခင်းဖြစ်ပွားခဲ့မှုအခြေအနေကို ဆက်လက်စစ်ဆေးကာ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ငွေပင်လယ်စက်မှုဇုန်တွင် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲနေသည့် ဦးသိန်းနိုင်၏ "777" ပလတ်စတစ်စက်ရုံအား စစ်ဆေးဖော်ထုတ်ပြီး နိုင်ငံတော်အနေဖြင့် နစ်နာခဲ့သည့် ငွေကျပ် ၇ ဒသမ ၉၀၇ ဘီလီယံအား ပြန်လည်ပေးသွင်းစေပြီး ဥပဒေအရ အရေးယူဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၂

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဓာတ်အားခိုးယူသုံးစွဲမှုများကို Control Center များမှ စောင့်ကြည့်စစ်ဆေး၍ စဉ်ဆက်မပြတ် ဖော်ထုတ်လျက်ရှိရာ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် ရွှေလင်ပန်း၊ ငွေပင်လယ် စက်မှုဇုန်အတွင်း မြေကွက်အမှတ် (၇/B) ရှိ ဦးသိန်းနိုင်၏ "777" ပလတ်စတစ်စက်ရုံတွင် တပ်ဆင်ထားသည့် 2 MVA ထရန်စဖော်မာနှင့် တွဲဆက်တပ်ဆင်ထားသည့် မီတာတွင် Alarm ပေါ်နေသဖြင့် ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးချုပ်၊ ခရိုင်၊ မြို့နယ်ပါဝင်သော ငါးဦးကော်မတီအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ရာ လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲထားကြောင်းသက်သေအထောက်အထားများဖြင့် စစ်ဆေးတွေ့ရှိရသဖြင့် မီတာအား ချက်ချင်းဖြုတ်သိမ်းခဲ့ပြီး နစ်နာဆုံးရှုံးခဲ့သောလျှပ်စစ်ဓာတ်အား ယူနစ် ၁၀ ဒသမ ၄၆၈ သန်းအတွက် ကျသင့်လျော်ကြေးငွေကျပ် ၇ ဒသမ ၉၀၇ ဘီလီယံအား ပြန်လည်ပေးလျော်စေရေးနှင့် လျှပ်စစ်ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် သောင်ကြီးနယ်မြေရဲစခန်းတွင် စက်ရုံပိုင်ရှင် ဦးသိန်းနိုင်နှင့် စက်ရုံမန်နေဂျာ ဦးကြည်လှိုင်တို့အား အမှုဖွင့်အရေးယူလျက်ရှိသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရှိ Control Center များ၏ နည်းပညာများ အဆင့်မြင့်တင်လာနိုင်သည့်အတွက် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုများ ပိုမို၍ ဖော်ထုတ်လာနိုင်သည်နှင့်အမျှ လျှပ်စစ်ဓာတ်အား မရရှိသေးသည့် ပြည်သူများကို ပိုမို၍ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်လျက်ရှိသည်။

ပြည်သူများ အနေဖြင့်လည်း လျှပ်စစ်ဓာတ်အားကို စနစ်တကျသုံးစွဲကြရန်နှင့် ဓာတ်အားခိုးယူသုံးစွဲမှုများတွေ့ရှိပါက Call Center များသို့ ဆက်သွယ်သတင်းပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်



လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲနေသည့် "777" ပလတ်စတစ်စက်ရုံပိုင်ရှင် ဦးသိန်းနိုင်



လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲနေသည့် "777" ပလတ်စတစ်စက်ရုံမန်နေဂျာ ဦးကြည်လှိုင်





ရွှေလင်ပန်း၊ ငွေပင်လယ် စက်မှုဇုန် မြေကွက်အမှတ် (၇/B) ရှိ ဦးသိန်းနိုင်၏ "777" ပလတ်စတစ်စက်ရုံ လုပ်ငန်းခွင်နှင့် တာဝန်ရှိသူများက စစ်ဆေးနေမှု မှတ်တမ်းဓာတ်ပုံများ။

# ရန်ကုန်-ပြည်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၇၄)အစုန်နှင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းရှိ အမှတ်(၈၃)အဆန် DEMU လူစီးအမြန်ရထားတို့ကို ခဲဖြင့်ပေါက်သူများ ဖမ်းဆီးရမိ



ရန်ကုန် - မော်လမြိုင် အမှတ်(၈၃)အဆန် DEMU ရထားအား ခဲဖြင့်ပစ်ပေါက်ခဲ့သည့် ဖမ်းဆီးရမိ တရားခံ။



ပြည် - ရန်ကုန် အမှတ်(၇၄) အစုန် DEMU ရထားအား ခဲဖြင့် ပစ်ပေါက်ခဲ့သည့် ဖမ်းဆီးရမိ တရားခံ။

နေပြည်တော် စက်တင်ဘာ ၂၂

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ ယမန်နေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် အမှတ်(၇၄)အစုန် ပြည်-ရန်ကုန် DEMU လူစီးအမြန်ရထားသည် တိုက်ကြီးမြို့နယ် ဖလုံနှင့်သနပ်ချောင်းဘူတာအကြား မိုင်တိုင်အမှတ် (၄၈/၂၀ နှင့် ၁၉) အတွင်း ရထားဖြတ်သန်းစဉ် ရထားလမ်းအရှေ့ဘက်မှ ခဲဖြင့်ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်း၏ စက်ခေါင်းနောက်ကပ်လျက် ပထမတန်းတွဲ DEMU(F) 4019 ၏ ခုံအမှတ် 4A နှင့် 4B အကြား ပြူတင်းတံခါးဘေးလေကာမှန်လေးလက်မခန့် ပေါက်ထွက် ကြေမွကွဲအက်မှုဖြစ်ပွားပြီး ခရီးသည်နှင့်ဝန်ထမ်းများ ထိခိုက်မှုမရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ ရထားရဲတပ်ခွဲအမှတ်(၁၉)ပြည်မှ ရထားလိုက် လုံခြုံရေး ရဲအုပ် ဦးစိုး ငါးဦးနှင့် တာဝန်ရှိသူများသွားရောက်၍ တရားခံ ဖမ်းဆီးရမိရေး သက်ဆိုင်ရာနယ်မြေရဲစခန်းသို့ အကြောင်းကြားခဲ့ပြီး တိုက်ကြီးမြို့နယ် ရဲမှူးဦးစိုးအင်အား စုစုပေါင်း ၁၅ ဦး ည ၈ နာရီ ၁၀ မိနစ်တွင် ရောက်ရှိစုံစမ်းစစ်ဆေးခဲ့ရာ တရားခံ ဇော်ရဲအောင် အသက်(၃၄) နှစ် (ဘ) ဦးဝင်းဇော်လင်း ဒုံးခိုက်ရွာ ဖလုံကျေးရွာအုပ်စုနေသူအား ဖြစ်စဉ်ဖြစ်ပွားသည့် စက်တင်ဘာ ၂၁ ရက် ည ၉ နာရီ ၁၅ မိနစ်တွင် ဖမ်းဆီးရမိပြီး တရားခံကဝန်ခံထွက်ဆိုသဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပုဒ်မ (၈၄) ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှု ၃၅ မိနစ်ဖြစ်ပေါ်ခဲ့ပြီး အခြားရထားများကြန့်ကြာမှုမရှိဘဲ ပုံမှန်အတိုင်း ပြေးဆွဲခဲ့သည်။

အလားတူ ယနေ့ နံနက် ၁၀ နာရီ ၂၇ မိနစ်တွင် ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသော အမှတ်(၈၃)အဆန် DEMU လူစီးအမြန်ရထားသည် ပေါင်ဘူတာမှ နံနက် ၁၀ နာရီ ၁၃ မိနစ်တွင် ထွက်ခွာလာရာ ပေါင်မြို့နယ် ပေါင်နှင့် သဲဖြူကုန်းဘူတာအကြား မိုင်တိုင်အမှတ် (၁၆၄/၉ နှင့် ၁၀) အတွင်း ရထားဖြတ်သန်းစဉ် ရထားလမ်း၏ လက်ဝဲဘက်မှ ခဲဖြင့် ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်း၏ စက်ခေါင်းနောက်သုံးတွဲမြောက် အထက်တန်းတွဲ(၂) DEMU (U) 5007 ၏ ခုံအမှတ် 10 A နှင့် 10 B အကြား ပြူတင်းတံခါးဘေးလေကာမှန်ပေါက်ပြီး စက်ခေါင်းနောက်ငါးတွဲမြောက် ပထမတန်း တွဲ(၄) DEMU (F)4013 ၏ ခုံအမှတ် 10 A နှင့် 10 B အနီး ပြူတင်းတံခါးမှန် ပေါက်ထွက် ကြေမွကွဲအက်မှုဖြစ်ပွားခဲ့သည်။ ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်မှုမရှိဘဲ ဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှု ၃၈ မိနစ် ဖြစ်ပေါ်ခဲ့ပြီး အခြားရထားကြန့်ကြာမှုမရှိကြောင်း သိရသည်။ ဖြစ်စဉ်ဖြစ်ပွားရာသို့ အဆိုပါရထားအား နောက်ပြန်ဆုတ်ပြီး တရားခံအား ရှာဖွေဖော်ထုတ်ခဲ့ရာ ကျော်လင်းထွန်း အသက်(၄၄)နှစ် (ဘ) ဦးမောင်အေး ဘန့်ဘွေးကုန်းကျေးရွာ ရာသက်ပန်လမ်း ပေါင်မြို့နယ်နေသူအား ဖမ်းဆီးရမိခဲ့ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပုဒ်မ (၈၄)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ)အရ ရထားကိုတစ်စုံတစ်ရာဖြင့် ပြစ်ပေါက်ခြင်း (သို့မဟုတ်) တစ်စုံတစ်ရာ ပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ နှစ် ၂၀ အထိ မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်း ချမှတ်နိုင်ပြီး ဖမ်းဆီးရမိသော တရားခံများကို ဥပဒေနှင့်အညီ ထောင်ဒဏ်များအသီးသီးချမှတ် အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းသွားရန်လိုအပ်ကြောင်း သိရသည်။

သတင်းစဉ်



## မဟာအောင်မြေမြို့နယ် ၈၆ လမ်းပေါ် သစ်ပင်လဲကျမှု မီးသတ်နှင့် လူမှုကူညီရေးအဖွဲ့များ ပူးပေါင်းဖယ်ရှား

မန္တလေး စက်တင်ဘာ ၂၂

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၈၆ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြား၊ ရွှေတချောင်းအနီးတွင် စက်တင်ဘာ ၂၁ ရက် ည ၁၀ နာရီဝန်းကျင်က သစ်ပင်တစ်ပင် လဲကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါသစ်ပင်လဲကျမှုကြောင့် လမ်းသွားလမ်းလာများနှင့် ယာဉ်အသွားအလာများအတွက် အဟန့်အတားဖြစ်ပေါ်ခဲ့သဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းများက အခင်းဖြစ်ပွားရာနေရာသို့ အချိန်မီ သွားရောက်ကူညီခဲ့သည်။

အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိပြီးနောက် မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအဖွဲ့ဝင်များက လမ်းပေါ်သို့ လဲကျနေသည့် သစ်ပင်နှင့် သစ်ကိုင်းများကို ဖြတ်တောက်ဖယ်ရှားခြင်း၊ လမ်းကြောင်းရှင်းလင်းခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

သစ်ပင်လဲကျမှုမှာ ညပိုင်းအချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သော်လည်း သက်ဆိုင်ရာအဖွဲ့များက အချိန်မီ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့သဖြင့် လမ်းပေါ်တွင် ဖြစ်ပေါ်နေသည့် အဟန့်အတားများကို ရှင်းလင်းနိုင်ခဲ့သည်။ (အပေါ်ပုံ)

အဆိုပါဖြစ်စဉ်ကြောင့် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်းနှင့် သစ်ပင်များ လဲကျမှုကြောင့် လမ်းသွားလမ်းလာများနှင့် ယာဉ်များအတွက် အန္တရာယ်ဖြစ်ပေါ်နိုင်သဖြင့် မိုးလေဝသအခြေအနေများ ပြောင်းလဲသည့်အချိန်များတွင် လမ်းသွားလမ်းလာများအနေဖြင့် သတိထားသွားလာရန် အသိပေးချက်များ ထုတ်ပြန်ထားသည်။

အဆိုပါဖြစ်စဉ်တွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် လူမှုကူညီရေးအသင်းများက ပူးပေါင်း၍ အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ကူညီကာ လဲကျနေသောသစ်ပင်များကို ဖယ်ရှားရှင်းလင်းပေးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း သိရသည်။

ကျော်ဇေယျ(မန္တလေးနေ့စဉ်)

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**




## နည်းပြ မိုက်ကယ်ကာရစ် မန်ယူအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ



**လန်ဒန် စက်တင်ဘာ ၂၂**

မန်ယူအသင်းသည် လက်ရှိအချိန်တွင် ရလဒ်များအလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ မိုက်ကယ်ကာရစ်ကို ရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိနေသည်။

မန်ယူအသင်းသည် ပရီးမီးယားလိဂ် ပွဲစဉ် ငါးပွဲယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ငါးမှတ်သာရရှိထားပြီး အမှတ်ပေးဇယားအဆင့် ၁၂ နေရာတွင် ရပ်တည်ကာ ရလဒ်များအလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ မိုက်ကယ်ကာရစ်ကို ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လာခြင်းဖြစ်သည်။

မန်ယူအသင်း ပရိသတ်များကလည်း ယခုနှစ်ဘောလုံးရာသီတွင် အသင်း၏ ရလဒ်ပိုင်းကို စိတ်ပျက်လျက်ရှိပြီး နည်းပြ မိုက်ကယ်ကာရစ်ကို ရာထူးမှ ထုတ်ပယ်ပေးရန် တောင်းဆိုခဲ့ကြသည်။

ထို့ကြောင့် နည်းပြ မိုက်ကယ်ကာရစ်အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း မန်ယူအသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

## ပါစကယ်ဂရော့စ် လက်ရွေးစင်ကစားသမားဘဝမှ အနားယူ

**မြူးနစ် စက်တင်ဘာ ၂၂**

ကွင်းလယ်ကစားသမား ပါစကယ်ဂရော့စ်သည် နိုင်ငံအသင်းဖြစ်သည့် ဂျာမနီလက်ရွေးစင်အသင်းကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဂျာမနီလက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၃မှ ၂၀၂၆ ခုနှစ်အတွင်း ပြိုင်ပွဲ ၁၉ပွဲကစားကာ တစ်ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့သည်။

အသက်(၃၅)နှစ်အရွယ်ရှိ ပါစကယ်ဂရော့စ်က "ကျွန်တော် လက်ရွေးစင်အသင်းကစားသမားဘဝမှ အနားယူပါပြီ။ လက်ရွေးစင်အသင်းမှာ ကစားခဲ့တဲ့ အချိန်တွေကို အမြဲအမှတ်ရနေမှာပါ။ ဂျာမနီလက်ရွေးစင်အသင်းအနေဖြင့်လည်း အနာဂတ်မှာ အောင်မြင်မှုများ ရရှိပါစေလို့ တောင်းဆုပြုပါတယ်"ဟု ပြောသည်။



(ယာပုံ) (NGB)

## ပရီးမီးယားလိဂ် ချန်ပီယံအသင်းတွေကို အိမ်ကွင်းတွင် အနိုင်ယူနိုင်သည့် အသင်းအဖြစ် ဘရိုက်တန်အသင်းမှတ်တမ်းဝင်

**လန်ဒန် စက်တင်ဘာ ၂၂**

ဘရိုက်တန်အသင်းသည် ပရီးမီးယားလိဂ်၏ ချန်ပီယံအသင်းတွေကို အိမ်ကွင်းတွင် သုံးရာသီဆက်တိုက် အနိုင်ယူနိုင်သည့် ပထမဆုံးအသင်း အဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

ဘရိုက်တန်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အာဆင်နယ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဘရိုက်တန်အသင်းသည် အိမ်ကွင်းပွဲစဉ်တွင် ချန်ပီယံသုံးသင်းဖြစ်သည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက မန်စီးတီးအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း၊ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီက လီဗာပူးအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း၊ ယခု ၂၀၂၆-၂၀၂၇ဘောလုံးရာသီတွင် အာဆင်နယ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကာ ယခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘရိုက်တန်အသင်းအနေဖြင့်လည်း ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ ပရီးမီးယားလိဂ်တွင် အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။



(ယာပုံ)

(NGB)

## ကမီလ်ဂရာဘာရာ ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ



**တူရင် စက်တင်ဘာ ၂၂**

ဂျူဗင်တပ်အသင်းဂိုးသမား ကမီလ်ဂရာဘာရာ ဒူးအရွတ် စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ဂိုးသမားသည် ဂျူဗင်တပ်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ကစားရင်း ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။

ဂိုးသမား ကမီလ်ဂရာဘာရာ ဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဂျူဗင်တပ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

ဂျူဗင်တပ်အသင်းထုတ်ပြန်ချက်တွင် "ကမီလ်ဂရာဘာရာ ဒဏ်ရာကြောင့် ကာလရှည်အနားယူရမှာပါ။ သူ့ရဲ့ ဒဏ်ရာ အမြန်ဆုံးသက်သာပျောက်ကင်းဖို့လည်း မျှော်လင့်ပါတယ်"ဟု ထုတ်ပြန်သည်။

(အပေါ်ဝဲပုံ)

(NGB)

## 2026 SP Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Kaitlin Quevedo ဆွတ်ခူး



**ဆော်ပေါ်လို စက်တင်ဘာ ၂၂**

ဘရာဇီးနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 SP Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို စပိန်တင်းနစ်မယ် Kaitlin Quevedo က ဆွတ်ခူးခဲ့သည်။

အဆိုပါ စပိန်တင်းနစ်မယ် Kaitlin Quevedo သည် 2026 SP Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အာဂျင်တီးနားတင်းနစ်မယ် Nadia Podoroska အား ၄-၆၊ ၆-၄၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၀)နှစ်အရွယ်ရှိ Kaitlin Quevedo က "ကျွန်မ အခုလို 2026 SP Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေ ထပ်မံ ဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ) (NGB)

## နည်းပြ ကွန်တီကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် အေစီမီလန်အသင်း စီစဉ်နေဟု သတင်းများထွက်ပေါ်



**မီလန် စက်တင်ဘာ ၂၂**

အေစီမီလန်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ကွန်တီကို ခန့်အပ်ရန် စီစဉ်နေကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။

အေစီမီလန်အသင်းသည် လက်ရှိအသင်းနည်းပြ အာမိုရင်မ်နှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် ၎င်းကို ရာထူးမှထုတ်ပယ်ပြီး နည်းပြ ကွန်တီကို နည်းပြသစ်အဖြစ် ခန့်အပ်သွားမည်ဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။

နည်းပြကွန်တီသည် နည်းပြဘဝတစ်လျှောက်တွင် အင်တာမီလန်၊ ချဲလ်ဆီး၊ စပါး၊ နာပိုလီ၊ အတ္တလန်တာ စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးလည်းဖြစ်သည်။

ထို့ကြောင့် နည်းပြ ကွန်တီအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း အေစီမီလန်အသင်းနည်းပြသစ်အဖြစ် အမှန်တကယ်ခန့်အပ်ခြင်းခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ဝဲပုံ) (NGB)

## အိုယာဇန်နီကို ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်း စိတ်ဝင်စား

**မက်ဒရစ် စက်တင်ဘာ ၂၂**

ရီးရဲလ်မက်ဒရစ်အသင်းသည် အေဂျက်စ်အသင်း ကွင်းလယ်ကစားသမား အိုယာဇန်နီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၁၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အေဂျက်စ်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၁ပွဲကစားပြီး တစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။



အေဂျက်စ်အသင်းကလည်း အိုယာဇန်နီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် အေဂျက်စ်အသင်းထံမှ အိုယာဇန်နီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ဒီမာကို ဒူးဒဏ်ရာကြောင့် အီတလီလက်ရွေးစင်အသင်းမှ နုတ်ထွက်

**မီလန် စက်တင်ဘာ ၂၂**

အင်တာမီလန်အသင်း နောက်ခံကစားသမား ဒီမာကို ဒူးဒဏ်ရာမှ သက်သာလာခြင်းမရှိသေးသောကြောင့် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် အီတလီလက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်ခဲ့သည်။



အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အီတလီလက်ရွေးစင်အသင်းအတွက် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

နောက်ခံကစားသမား ဒီမာကိုသည် အီတလီလက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၂မှ ၂၀၂၆ ခုနှစ်အထိ နိုင်ငံတကာပွဲပေါင်း ၃၈ပွဲကစားကာ သုံးဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

အီတလီလက်ရွေးစင်အသင်းသည် UEFA Nations League ပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၂၆ရက်တွင် ဘယ်လ်ဂျီယံအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။(အပေါ်ဝဲပုံ)(NGB)

### နိုင်ငံတကာခြေစမ်းပွဲများ

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | | |
|---|---|---|---|
| ၂၃-၉-၂၀၂၆ ည၁၀း၃၀နာရီ | အဇာဘိုင်ဂျန် | - | တာဂျစ်ကစ္စတန် |
| ။ | ဂျီဘရော်လ်တာ | - | ဆာအိုတိုမီ |

# ယင်းတော်ကျေးရွာနှင့် ရန်အောင်ကျေးရွာချင်းဆက်လမ်းအား ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ပျော်ဘွယ် စက်တင်ဘာ ၂၂**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ယင်းတော်ကျေးရွာနှင့် ရန်အောင်ကျေးရွာချင်းဆက်လမ်းအား ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၁ ရက် ညနေပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့သည်။



ထိုကဲ့သို့ ကြည့်ရှုစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရမည်းသင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် မြို့နယ်ဦးစီးအရာရှိ(မြို့ပြ)တို့က ကတ္တရာလမ်းခင်းရာတွင် အရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း အဆိုပါလမ်းအား တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံ ငွေကျပ် ၁၁၃ ဒသမ ၅ သန်း ဖြင့် ၀/၂ မိုင်အား ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်နေခြင်းဖြစ်ပြီး လမ်းခင်းလုပ်ငန်းပြီးစီးပါက ကျေးရွာပေါင်း ၁၀ ရွာမှ ပြည်သူတစ်သောင်းကျော် အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**



# စားသုံးသူရေးရာ အသိပညာပေးဟောပြော

**ကျောက်ဆည် စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၌ ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ယမန်နေ့ မွန်းလွဲ ၂ နာရီက အေးမြကြည်လင်ရပ်ကွက်၌ စားသုံးသူရေးရာ အသိပညာပေးဟောပြောခဲ့ရာ ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာဝင်းက MS-ME လုပ်ဆောင်မည့်လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ရောင်းချရာ၌ ဥပဒေနှင့်အညီ ရောင်းချနိုင်ရေး အသိပညာပေးဟောပြောပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းလတ်က စားသုံးသူ ဥပဒေတွင် ပါဝင်သည့် စားသုံးသူရေးရာအခွင့်အရေး၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်၊ ကုန်အညွှန်းအမှတ်အသားနှင့် ကုန်ပစ္စည်းများအလိုက် ဖော်ပြရမည့် အချက်များအား ရှင်းလင်းဟောပြောသည်။

ဟောပြောပွဲအပြီးတွင် တက်ရောက်လာသည့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချသွားမည့် ပြည်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ထက်ထက်(ကျောက်ဆည်)**

# မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မန္တလေး စက်တင်ဘာ ၂၂**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း(ဗဟို)(AEDA-Mdy) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၁ရက် နံနက် ၁၀နာရီတွင် ချမ်းမြသာစည်မြို့နယ် စံပညာကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းယုကြီးက အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် မူးယစ်သမိုင်းကြောင်းကို ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က ဟောပြောပြီး အရက်ကွမ်းဆေးဥပဒ်သား၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်အကြောင်းကို အတွင်းရေးမှူး ဦးမြင့်သန်းက ဟောပြောသည်။ လူငယ်နှင့် စိတ်ကြွဆေးအကြောင်းကို တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက ပြောကြားကာ အမှုဆောင် ဒေါ်သင်းသင်းဦးက တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းများမေးမြန်းပြီး ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်၍ မူးယစ်ဆေးဝါးမသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ချတ်ဆိုကြသည်။

ထို့နောက် ဟောပြောပွဲသို့ မဟာအောင်မြေခရိုင် ပညာရေးမှူးရုံး ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၂၄၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ယာပုံ)(၀၇၀)




# လူထုအခြေပြုပဟိုဌာန၌ စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**စဥ့်ကိုင် စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာစီစာကုံးပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲတို့ကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။ (ယာပုံ)

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက အမှာ စကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲများကို ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများက စာစီစာကုံးပြိုင်ပွဲတွင် အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ဆုရရှိသော ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများအား ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ကျောင်းသုံးဗလာစာအုပ်၊ ခဲတံဘူး၊ ရောင်စုံခဲတံနှင့် ဆေးရောင်ခြယ်စာအုပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဥ့်ကိုင်)**



# မုံရွာဓာတ်ပုံအသင်းအပျော်တမ်း Model Outdoor ရိုက်ကူးယှဉ်ပြိုင်

**မုံရွာ စက်တင်ဘာ ၂၂**

မုံရွာဓာတ်ပုံအသင်း ပြန်လည်ဖွဲ့စည်းခြင်း အထိမ်းအမှတ်အဖြစ် မုံရွာဓာတ်ပုံအသင်းဝင်များ သီးသန့်အဖြစ် အပျော်တမ်း Model Outdoor ရိုက်ကူးပြိုင်ပွဲကို စက်တင်ဘာ ၂၀ရက် နံနက် ၈ နာရီက မုံရွာမြို့ ပြည်သူ့ဥယျာဉ်တွင် ကျင်းပသည်။

ပြိုင်ပွဲတွင် မော်ဒယ်လ် မသဲနဒီမင်းဇော်က အလှပြခဲ့ရာ မုံရွာဓာတ်ပုံအသင်းဝင် ၂၀ ကျော်က ပြိုင်ပွဲဝင်ဓာတ်ပုံများ ရိုက်ခဲ့ကြသည်။

ပြန်လည်ဖွဲ့စည်းထားသော မုံရွာဓာတ်ပုံအသင်း၏ ပထမဆုံးဓာတ်ပုံပြိုင်ပွဲအဖြစ် ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်ဓာတ်ပုံများထဲမှ ဆုရပုံကို ပြိုင်ပွဲဝင်စစ်ဆေးရေးကော်မတီမှ စစ်ဆေးအတည်ပြုထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ကြသည့် မုံရွာဓာတ်ပုံအသင်းသားများအနေဖြင့် ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကြသည်ကိုတွေ့ရပြီး ဆုရဓာတ်ပုံဆရာများကို လက်ဆောင်များ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)(၃၉၄)



# မိုးသီးနှံရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၇၇၅ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇူလိုင်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပဲတီစိမ်းစိုက်ခင်းများ အထွက်နှုန်းကောင်းမွန်စေရေးနှင့် သီးနှံအရည်အသွေးများ ကောင်းမွန်စေရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများနှင့် အချိန်မီ သီးနှံရိတ်သိမ်းနည်းပညာပေးခြင်းများကို သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ဒေသခံတောင်သူများအား ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

ပဲတီစိမ်းသည် ဈေးကွက်ဝင်သီးနှံဖြစ်၍ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံစေရုံသာမက ပိုလျှံမှုကို ရောင်းချနိုင်၍ ဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။ **(အောက်ပုံ)**

(၄၄၅)



# ဒါနပြုသည်ဆိုရာဝယ်

မိမိပိုင်ဆိုင်သည့် အစားအသောက်၊ ပစ္စည်းဥစ္စာများထဲမှ အနည်းငယ်မျှ ခွဲခြမ်းစိတ်ဖြာ လှူဒါန်းခြင်း(ဒါန)ကို အခါခပ်သိမ်း အမြဲတမ်း ပြုလုပ်နေကြသည်မှာ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့၏ ရှေးရိုးစဉ်လာ ဓလေ့စရိုက်တစ်ခုပင်ဖြစ်သည်။ သို့ရာတွင် ကြီးကျယ်မြင့်မြတ်သော အလှူဒါနဟုဆိုအပ်သော မိမိကိုယ်ပိုင်ပစ္စည်းဥစ္စာ၏ ထက်ဝက်ကျော်(သို့မဟုတ်)ကုန်လုနီးပါး လှူဒါန်းမှုပြုလုပ်လိုပါလျှင် မိမိကိုယ်ကို ဆန်းစစ်ရန် လိုလာပါသည်။ ငါသည် ငါးပါးသီလကို စောင့်ထိန်းမပျက်ရှိပြီလား၊ "ငါသည် မြတ်စွာဘုရား၏ သာသနာတော်ကို စောင့်ရှောက်ကြကုန်သော သံဃာတော်မြတ်များကို ယုံကြည်သဒ္ဓါစိတ် ပြည့်စုံပြီလား၊ "ငါ့စိတ်တွင်ရှိနေသော တဏှာ၊ လောဘကို ဖြတ်နိုင်ပြီလား" စသည့် မေးခွန်းတို့ကို ကိုယ့်ကိုယ်ကိုယ် မေးမြန်း၍ ကိုယ်တိုင် အဖြေထုတ်သင့်ပေသည်။

အကြောင်းမူ လှူနည်းစု၏ အယူအဆတွင် အလှူကြီးပေးလို့ ငွေကုန်ကြေးကျများကာ ဆင်းရဲမွဲတေသွားကြသည်ဟု တွေးထင်နေသော အသိကို ပြင်ဆင်ဖို့ လိုအပ်လာပါသည်။ အလှူကြီးပေးလိုက်လို့ ဆင်းရဲသွားတာ မဟုတ်ပါ။ တဏှာလောဘကြောင့် စီးပွားရေး၊ ကြီးပွားရေး ဆုတ်ယုတ်သွားတာပါဟု မှတ်ယူသင့်လှသည်။ မိမိ၏ နာမည်၊ ဂုဏ်သတင်းကျော်ကြားချင်လို့၊ မိမိ၏ ကြွယ်ဝသော စည်းစိမ်ကို ကြွားဝါချင်လို့၊ မိမိ၏ အပေါင်းအသင်းမိတ်ဆွေ မည်ရွေ့မည်မျှရှိကြောင်း ပြသချင်လို့ စသည်ဖြင့် ဂုဏ်ပကာသနကို ရှေ့တန်းတင်၍ စွဲမက်တပ်ငြိသော တဏှာ၊ လောဘကြောင့် ဆင်းရဲတွင်းသို့ သက်ဆင်းရခြင်းပဲ ဖြစ်ပါသည်။

မြတ်စွာဘုရား ဟောကြားခဲ့သော "ဒေဝတာသံယုတ်" တွင် ဖော်ပြထားသည်မှာ ဟိုးရှေးယခင်က ကြံစိုက်၍ အသက်မွေးသော ညီအစ်ကိုတောင်သူနှစ်ဦးရှိပါသတဲ့။ တစ်နေ့သ၌ ညီဖြစ်သူသည် သူတို့၏ ကြံခင်းကို ကြည့်ရှုပြီး ကြံများထွားကျိုင်းရင့်မှည့်နေသည်ကို စိတ်ကူးဖြင့် ကြည်နူးနေချိန်တွင် ကြံခင်းနား ဖြတ်လျှောက်သွားသော ပစ္စေကဗုဒ္ဓါတစ်ပါးကို ဖူးမြင်လိုက်ပါသည်။ ချက်ချင်းပင် အရှင်ဘုရား ကြံရည်အလှူခံတော်မူပါဘုရားဟု လျှောက်ထားတောင်းပန်ပြီး ကြံချောင်းနှစ်ချောင်းသည် အစ်ကိုဖြစ်သူအတွက်ဟု ရည်မှန်း၍ ပစ္စေကဗုဒ္ဓါ၏ သပိတ်ထဲသို့ လောင်းလှူလိုက်ပါသည်။ ရှေးတုန်းက ကြံဆိုတာသည် အဆစ်ပိတ်နေရာမှ ဖြတ်လိုက်ပြီး ထောင်လိုက်လျှင် ကြံရည်များ လျှောကျယိုစီးကျသွားသည်ဟု အဆိုရှိပါသည်။ထို့ကြောင့် ပစ္စေက ဗုဒ္ဓါ၏ သပိတ်ထဲသို့ ကြံရည်ကို လောင်းထည့်လှူဒါန်းရာ သပိတ်ပြည့်သည်အထိ ဖြစ်သွားသည်ဟု ဆိုပါသည်။ "ဤကြံရည်လောင်းလှူရသော အကျိုးအားကြောင့် ဘုရားတပည့်တော်သည် လူ့ဘဝ၊ နတ်ဘဝ အကြိမ်ကြိမ်ဖြစ်လေတိုင်း စည်းစိမ်ချမ်းသာနှင့် ပြည့်စုံရလိုပါ၏"ဟု ညီဖြစ်သူက ဆုတောင်းပါသည်။ ပစ္စေကဗုဒ္ဓါကလည်း "အလိုရှိတိုင်း ပြည့်စုံပါစေ" လို့ ဆုပေးတော်မူပါသည်။

ညီဖြစ်သူသည် ဝမ်းသာအားရဖြင့် အစ်ကိုဆီသို့သွားပြီး သူ၏အဖြစ်သနစ်ကို ပြောပြလေရာ အစ်ကိုကြီးဖြစ်သူသည် ဝမ်းသာအားရစွာဖြင့် ပစ္စေကဗုဒ္ဓါအား ရည်မှန်းပြု၍ လက်အုပ်ချီမိုးပြီး ဤကဲ့သို့ ကြံရည်လှူဒါန်းရသော အကျိုးအားကြောင့် တပည့်တော်သည် တစ်မင်္ဂ၊ တစ်ဖိုလ်ရပြီး နိဗ္ဗာန်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရပါလို၏ ဟု ဆုတောင်းမှုပြုပါသည်။

ဤတွင် ညီအစ်ကိုနှစ်ဦး၏ ဆုတောင်းပုံခြင်း ကွာခြားတာကို သိမြင်နိုင်ပါသည်။ အစ်ကိုကြီးဖြစ်သူသည် တဏှာလောဘကိုဖြတ်၍ ဆုတောင်းသောကြောင့် နောက်ဘဝမှာပဲ လူပြန်ဖြစ်၍ ဘုရားနှင့်ကြုံဆုံရပြီး ဘုရား၏အဆုံးအမအတိုင်း ကျင့်ကြံရာ အာသဝေါကုန်ခန်းကာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် စံဝင်တော်မူပါသည်။

ညီဖြစ်သူသည် လူ့ဘဝ၊ နတ်ဘဝစည်းစိမ်ခံစားလိုသော တဏှာလောဘကြောင့် လူ့ပြည်၊ နတ်ပြည်တို့တွင် အကြိမ်ကြိမ် စည်းစိမ်ချမ်းသာအပြည့်ဖြင့် ကျင်လည်ခဲ့ရသည်။ နောက်ဆုံးဘဝတွင် "ဓောတိက"ဟု အမည်တွင်သော သူဌေးကြီးအဖြစ် ဂေါတမမြတ်စွာဘုရားပွင့်တော်မူချိန် လူလာဖြစ်ရသည်။ မြတ်စွာဘုရား၏ ဥပသကာအဖြစ် ခံယူပြီးနောက် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အဆင့်ဆင့်တက်လှမ်းကာ နောက်ဆုံးတွင် အရဟတ္တဖိုလ်ရ၍ နိဗ္ဗာန်ဝင်စံတော်မူရပါသည်။

လှူဒါန်းသော စိတ်စေတနာချင်းအတူတူ တဏှာလောဘဖြတ်၍ လှူခြင်းသည် ချက်ချင်းအကျိုးပေး၍ ချမ်းသာသုခကို ရရှိပြီး တဏှာလောဘ မပြတ်ပါက သံသရာရှည်ကြောင်းကို ထင်ရှားအောင် ပြဆိုခြင်း ဖြစ်ပါသည်။

နောက်ဥပမာတစ်ခုရှိပါသေးသည်။ရွာတစ်ရွာတွင် စိတ်ထားကောင်းမွန်သော လင်မယားနှစ်ယောက်ရှိသည်။ နှစ်ဖက်မိဘထံမှအမွေရရှိ၍ ပစ္စည်းဥစ္စာ အတော်အသင့်ရှိကြသည်။ သားတစ်ဦး၊ သမီးတစ်ဦးရရှိပြီး အချိန်တန်အရွယ်ရောက်လာသောအခါ ရှင်ပြု၊ နားသပေးရန် ထက်သန်စွာဖြင့် အလှူကြီးပေးသည်။ မိတ်ဆွေများ၏ အကြံဉာဏ်ပေးသမျှ အစီအစဉ်ကောင်းများကို တိုး၍ တိုး၍ ထည့်သွင်းသည်။ ဥပမာ ရှင်လောင်းများစွာ ထည့်ဝင်ပေးခြင်း၊ မြင်းအပြင်အဆင်များ ငှားရမ်းခြင်း၊ လှည်းယဉ်ကျော့များစွာငှား၍ နားထွင်းများဖြင့် အလှပြခြင်း၊ ဧည့်ခံဆိုင်းအပြင် အငြိမ့်ကိုလည်း ငှားရမ်းခြင်း၊ အကျွေးအမွေးဘက်တွင်လည်း တန်ဖိုးကြီးဟင်းကောင်းနှစ်ခွက်၊ သုံးခွက်နှင့် အရံဟင်းများစွာချက်၍ ဧည့်ခံခြင်း စသည်ဖြင့် လိုသည်ထက် ချဲ့ထွင်မှုတို့ကြောင့် ငွေကြေးမလောက်မငဖြစ်ကာ ရင်းနှီးသည့် မိတ်ဆွေများထံမှ ငွေချေးငှားရသည်။ အလှူပွဲဖြစ်သဖြင့် မည်သူမျှ မတွန့်တို၊ လိုသလောက် ငွေထုတ်ပေးကြသည်။ နောက်ဆုံး အလှူအကူငွေကို စာရင်းချုပ်သော် အလှူကုန်ကျငွေ၏ တစ်ဝက်ပင် မရရှိသောကြောင့် အလှူ့ဒကာ စိတ်ရှုပ်ရလေသည်။

အလှူဧည့်ခံပွဲအပြီး ပင့်သံဃာတော်များကို နဝကမ္မဝတ္ထုငွေ၊ သပိတ်၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ တဘက်၊ စောင် အစရှိသည့် ဒါနဝတ္ထုတို့ကို လှူဒါန်းဆက်ကပ်အပြီး တရားဘာဝနာများကို နာကြားရကာ ရေစက်ချ အမျှဝေရလေသည်။ အလှူ့ဒကာသည် ရေစက်ခွက်ကို ကိုင်ထားသော်လည်း အလှူအကြွေးများကို ဘယ်နည်းဘယ်ပုံဆပ်ရမည်ကိုပဲ စဉ်းစားနေဟန်တူသည်။ စိတ်နှလုံးမရွှင်ပျပေ။ ရေစက်ချဆရာတော်၏ ဆုပေးအနုမောဒနာအဆုံးတွင် "အားလုံး ကြားကြားသမျှ အမျှ-အမျှ-အမျှ" ဟူ၍ ရွတ်ဆိုရန် ဖြစ်သည်။ သို့သော် အလှူ့ဒကာသည် ယောင်ယောင်မှားမှားဖြင့် "အားလုံး ကယ်တော်မူကြပါဗျို့"ဟု ဟစ်အော်လိုက်တော့သည်။ ပရိသတ်အားလုံး အံ့အားသင့်ကာ သက်ပြင်းချရသည်။ ၎င်းသည် ပုံပြင်မဟုတ် တကယ်ဖြစ်ပျက်ခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် အလှူပေးရာတွင် မိမိလှူနိုင်သလောက် စိတ်ကို ဖြတ်ရသည်။ တဏှာလောဘကို ဖြတ်၍ သန့်ရှင်းသော အလှူဒါနဖြစ်အောင် ကြိုးစားရသည်။ စဉ်းစားတွေးခေါ်၍ ပညာဉာဏ်ဖြင့် လုပ်ကိုင်ဆောင်ရွက် စီစဉ်နိုင်ရမည်ဖြစ်သည်။ ဒါနပြုခြင်းသည် ကောင်းသည်ချည်းသာ။ ဒါနကြောင့် ကုသိုလ်ရပြီး ကောင်းကျိုးချမ်းသာကို ဆောင်ကြဉ်းမြဲဖြစ်သည်။ တဏှာလောဘကြောင့်သာ မကောင်းသော ဒုဂ္ဂတိသို့ ဆွဲချခံရသည်။

အလှူပေးရာတွင် ဒါနဝတ္ထုသုံးမျိုးရှိသည်ဟု ဘုရားရှင် ဟောဖော်ညွှန်ပြတော်မူခဲ့သည်။ (၁)ဒါနဒါသ၊ (၂) ဒေါနသဟာယ၊ (၃) ဒါနသာမိ ဟူ၍ ဖြစ်ပါသည်။

**(၁) ဒါနဒါသ=မိမိသုံးဆောင်သည်ထက် ယုတ်ညံ့သော ဝတ္ထု။**

လူသားတိုင်းကောင်းသော အဝတ်၊ လတ်ဆတ်သောအစားအစာ၊ အဆင့်အတန်းမြင့်သော စည်းစိမ်ကိုသာ ဝတ်ဆင်၊ စားသောက်ခံစားလိုကြသည်။ ထို့အတူ ဒါနပြုရာတွင် အဝတ်သစ်၊ ဦးချထားသော အစားအစာ၊ ဝတ္ထုပစ္စည်းအသစ်တို့ကိုသာ လှူဒါန်းရသည်။ အထွတ်အမြတ်ထားရာကိုသာ ဒါနပြုရသည်။ မိမိမဝတ်လို၊ မစားလို၊ မသုံးဆောင်လိုသည်ကို ဒါနပြုခြင်းသည် "ဟီနစေတနာ" သာဖြစ်သည်။

**(၂) ဒါနသဟာယ– မိမိသုံးဆောင်သည့်အလားတူဝတ္ထု။**

မိမိသုံးဆောင်သည်ထက် မွန်မြတ်မှုမရှိသည်ထားဦး။ မိမိသုံးဆောင်သလို သူတစ်ပါးသုံးစွဲနိုင်ပါစေဟူသော စိတ်စေတနာရင်းဖြင့် ဒါနပြုခြင်းသည်လည်း ကောင်းမွန်ပါသည်။ "ဒါနသဟာယ" ဖြစ်ပြီး ကုသိုလ်အကျိုးပေးပါသည်။ မိမိစိတ်နှင့်ထပ်တူထပ်မျှရှိသော ဒါနမျိုးဖြစ်သည်။ များသောအားဖြင့် ပြုကြသော ဒါနဖြစ်ကြောင်း တွေ့မြင်ကြရပါသည်။ "မဇ္ဈိမစေတနာ" ဖြစ်ပါသည်။ ကုသိုလ်အကျိုးပေးကောင်းစွာ ရရှိပါသည်။

**(၃) ဒါနသာမိ=မိမိသုံးဆောင်သည်ထက် မြတ်သောဝတ္ထု။**

"ဒါနသာမိ"သည် အကောင်းဆုံးနှင့် ခက်ခဲသော လှူဒါန်းမှုဖြစ်သည်။ မိမိသုံးဆောင်သည်ထက် ကောင်းမွန်သော အဝတ်အထည်၊ မွန်မြတ်သော အစားအစာ၊ အဖိုးတန်သော ပစ္စည်းဝတ္ထုတို့ကို လှူဒါန်းခြင်းသည် တဏှာ၊ လောဘဖြတ်သော အရိယာသူတော်ကောင်းတို့၏ လှူဒါန်းနည်းဖြစ်သည်။ "ပဏီတစေတနာ"ဟု ခေါ်ဆိုပါသည်။ ဤစိတ်စေတနာကြောင့် ကုသိုလ်ကောင်းကျိုး အထူးပေးပါသည်။ ဒုက္ခဆင်းရဲအပေါင်းမှ လွန်မြောက်ပါသည်။ ဘုရားပစ္စေကဗုဒ္ဓါနှင့် ဆုထူးပန် အလောင်းအလျာများ၏ စိတ်စေတနာဖြစ်ပါသည်။ ကျွန်ုပ်တို့အားလုံး အတုယူကျင့်သုံးရန် အကောင်းဆုံး စံပြဒါနပင် ဖြစ်ပါတော့သည်။

ရခဲလှသော လူ့ဘဝတွင် မိမိ၏ လူအဖြစ်မှ နိမ့်ကျသော ဘဝကို မကူးပြောင်းစေဘဲ မြင့်မြတ်သော လူ့ဘဝ၊ နတ်ဘဝသို့ ရောက်ရှိရာဖြစ်သည့် ဒါနပြုတတ်ရာ ပြုတတ်ကြောင်းနှင့် ဒါနပြုခြင်းသည် စိတ်ထားကို ဉာဏ်ဖြင့် ကျိုးကြောင်းဆင်ခြင်၍ ဝေဖန်ပိုင်းခြားရန်လိုကြောင်း လမ်းမှန်ဖော်ပြသည်။ ဗုဒ္ဓ၏မိန့်မှာချက်တို့ကို လွယ်ကူရှင်းလင်းသိမြင်စေရန် ထုတ်နုတ်တင်ပြပေးသော ရဟန်းရှင်၊ လူ၊ ဆရာအဆူဆူတို့အား ဦးနှိမ်ညွတ်တွား လေးစားမြတ်နိုးရှိခိုးဦးတင်လျက်ရှိကြောင်း စိတ်မှာထုံမွှမ်းလျက် . . . .

**သောင်းမြင့်ဇော်**

**သုံးဆယ်မြေ(မန္တလေး)**

## ဌာနဆိုင်ရာဝန်ထမ်းများအား စားအုန်းဆီ ၇၂၆၂ ပိဿာ ၅၀ ကျပ်သားကို ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**မြစ်သား စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် Resources Group Trading Co. Ltd နှင့် Hike Co.Ltd များ ဦးဆောင်မှုဖြင့် ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ မြစ်သားမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဈေးနှုန်းချိုသာစွာစားသုံးနိုင်ရန်အတွက် စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၈၈၀၀ နှုန်းဖြင့် စက်တင်ဘာ ၂၁ ရက်တွင် ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချရာတွင် ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ဇာဇာအေး(မဇာ–ကုန်စုံဆိုင်–မြစ်သားမြို့)၊ ဦးအောင်စိုးမိုး (ကူမဲမြို့၊ ဦးအောင်ဆန်းဝင်း(အောင်ကမ္ဘာဆီစက်၊ ကူမဲမြို့)၊ ဦးကိုကိုကြီး (နယူးဖန်စီဆီဆိုင်၊ ကူမဲမြို့)၊ ဒေါ်ကေသီအောင်(မြစ်သားမြို့)၊ ဦးဟိန်းသီဟဇော်(မြစ်သားမြို့)၊ ဦးရှိုင်းဝဏ္ဏ(ရှယ်လီငွေး ဆီဆိုင်၊ ကူမဲမြို့) စသည့်ဆီကုန်သည် ခုနစ်ဦးတို့က ရောင်းချပေးခဲ့သည်။ မြစ်သားမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများအား တစ်ဦးလျှင် ၂ ပိဿာ ၅၀ ကျပ်သားနှုန်းဖြင့် မြို့နယ်အတွင်းရှိဌာနဆိုင်ရာ ၄၈ ဌာနတို့မှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၂၉၀၅ ဦးတို့အား စားအုန်းဆီ ၇၂၆၂ ပိဿာ ၅၀ ကျပ်သားကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

ဝါဝါမြင့်(မြစ်သား)

၀–၀–၀–၀–၀

၀–၀–၀–၀–၀–၀–၀–၀



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက်ပိုင်းက ရထားရဲတပ်ဖွဲ့၊ အမှတ်(၁) ရထားရဲတပ်ဖွဲ့ခွဲ(မန္တလေး)၊ တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီးဝင်းမြင့်အောင်ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များက မန္တလေးမြို့၊ စီဝီတဒါနသံဃာ့ဆေးရုံကြီး(ကန်တော်ကြီး)အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

(မန္တလေးနေ့စဉ်–၆)

# "လူငယ်တွေ စာဖတ်ကြပါ"ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်း ကျင်းပ

**တာချီလိတ် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်ရုံးတွင် လူငယ်လူရွယ်များ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာပေဖတ်ရှုလေ့လာခြင်းဖြင့် လူအများရှေ့တွင် ပြောဆိုဆွေးနွေးနိုင်ခြင်း၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားတတ်စေရန်နှင့် စာဖတ်သည့်အလေ့အထကောင်းများရရှိစေရန် ရည်ရွယ်၍ ဒို့ကျေးရွာဂျာနယ်ပါ ဒေါက်တာသန်းထွန်း ရေးသားထားသော "လူငယ်တွေစာဖတ်ကြပါ" ခေါင်းစဉ်ဖြင့် (Youth Club) အသင်းဖြင့် စာဖတ်ဝိုင်းဆွေးနွေးခြင်းကို စက်တင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းမြင့်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ ဗလငါးတန်နှင့်ပြည့်စုံသော လူတော်လူကောင်းဖြစ်လာစေရန်အတွက် စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ရရှိပြီး လူအများရှေ့တွင် ပြောဆိုဆွေးနွေးနိုင်သူများ ဖြစ်လာစေရန်နှင့် စာဖတ်ခြင်းဖြင့် ရရှိစေနိုင်သည့် အကျိုးကျေးဇူးများ၊ အကောင်းအဆိုး အမှားအမှန်ကို ဝေဖန်ခွဲခြားသိမြင်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော (Youth Club) အသင်းဝင် ကျောင်းသား၊ ကျောင်းသူများက ဒေါက်တာသန်းထွန်း ရေးသားထားသော "လူငယ်တွေ စာဖတ်ကြပါ" ခေါင်းစဉ်ဖြင့် အကြောင်းအရာများကို ဖတ်ကြားကာ ဆွေးနွေးချက်များအပေါ် မိမိတို့ ထင်မြင်ယူဆချက်များ၊ အကြံပြုသုံးသပ်ချက် အကြောင်းအရာများဖြင့် အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြပြီး ပြန်/ဆက်ဦးစီးဌာနမှ ပြသထားသော နံရံကပ်စာစောင်များနှင့် စာအုပ်ပြပွဲအား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ရွှေမြိုင်သူ(ပြန်/ဆက်)**



# စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ပျော်ဘွယ် စက်တင်ဘာ ၂၂**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ စာဖတ်စွမ်းရည်နှင့် အသိပညာဗဟုသုတ တိုးပွားလာစေရန် ရည်ရွယ်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲကို စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်မေစောမွန်က စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ စာဖတ်စွမ်းရည်တိုးတက်စေရန် စာအုပ်စာပေများကို စနစ်တကျဖတ်ရှုလေ့လာရန်နှင့် စာဖတ်ရာမှ ရရှိသည့် အသိပညာ၊ ဗဟုသုတများကို နေ့စဉ်ဘဝတွင် အသုံးချနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက "ဒို့ကျေးရွာ" ဂျာနယ်ပါ ဆောင်းပါးများအား တစ်ဦးချင်း ဖတ်ရှု၍ ပြန်လည်ဆွေးနွေးခဲ့ရာ ပြန်လည်ဆွေးနွေးမှုအကောင်းဆုံး ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော အသိပညာပေးနံရံကပ်စာစောင်များနှင့် စာဖတ်ရှိန်မြှင့်တင်ရေး သုတ၊ ရသ စာအုပ်၊ စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ကျော်စွာထက်(ပျော်ဘွယ်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## တို့ပြည်ကကြို ရွှေမိုးညို

* မိုး ....
အစိုးမရ အတိုးချရှာ
နီးထတစ်ဖန် ဂျုံးဂျိမ်းသံညံ
မာန်ဟုန်ပြင်းပြင်း စစ်မခင်းနှင့်
ရွာဆင်းပုလဲ တဖွဲဖွဲနှင့်
သဲသဲညင်သာ အကြင်နာဖြင့်
ဝင်လာခဲ့ပါ ။

* တို့ပြည်ကကြို
ရွှေမိုးညိုတဲ့ မိုးကိုလိုအပ်
ရေ့ရွှေတပ်လို့ မြတ်မြတ်နိုးနိုး
တို့တန်ဖိုးထား တိုးပွားအောင်စေ
တို့ယာမြေတွေ စိုပြည်စိမ်းလန်း
တို့ပြည်ဝမ်းမြောက် မခန်းခြောက်အောင်
အနောက်တောင်မှ ညိုမှောင်တိမ်လိပ်
တရိပ်ရိပ်ပြေး
မေးမိတ်လိုက်ပါ မိုးဒေဝါ
ချွေးသိပ်လိုက်ပါ တို့ပြည်ရွာ ။ ။

**ဝင်းမောင်(မန်း)**

• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။
MANDALAY



# ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်၊ စာစောင်များ ပုံမှန်ဌားရမ်း

**တောင်တွင်းကြီး စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ နေ့စဉ်စာအုပ်၊ စာစောင်များ၊ သုတ၊ ရသစာစောင်များ၊ ရုပ်ပြစာစောင်များကို ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား အားလပ်ချိန်များတွင် အချိန်ကို အကျိုးရှိရှိ အသုံးချတတ်စေရန် ဌားရမ်းပေးလျက်ရှိသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် နေ့စဉ် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူ ရင်သွေးငယ်များ၊ လူငယ်လူရွယ်များအား စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ အသိပညာဗဟုသုတကြွယ်ဝပြီး ဉာဏ်ရည်ဉာဏ်သွေးများ တိုးတက်လာစေရန်၊ စာပေဗဟုသုတ ကြွယ်ဝပြည့်စုံသော လူငယ်များဖြစ်လာစေရန် ရည် ရွယ်၍ နေ့စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ရုံးချိန်အတွင်း ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိပြီး သုတ၊ ရသ၊ ရုပ်ပြစာစောင်များ၊ အသိပညာဗဟုသုတရရှိစေမည့် စာအုပ်၊ စာစောင်များကို ရုံးအတွင်း ဖတ်ရှုခြင်း၊ ဌားရမ်းပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**နောင်နောင်(ဗိသုနိုးမြေ)**






## သမိုင်းဝင်ရွှေမုဋ္ဌောမြတ်စွာဘုရားပွဲတော် ကျင်းပ

**စဉ့်ကူး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သမိုင်းဝင်ရွှေမုဋ္ဌောမြတ်စွာဘုရားပွဲတော်ကို အမှတ်(၁)ရပ်ကွက်ရှိ ရွှေမုဋ္ဌောမြတ်စွာဘုရား ပုရိဝုဏ်အတွင်း စက်တင်ဘာ ၂၁ ရက် နံနက် ၈ နာရီခွဲမှ စတင်ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် သမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ခဲ့ပြီး စဉ့်ကူးမြို့ နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝရသာမိထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြကာ ရေစက်သွန်းချအနုမောဒနာ တရားတော် နာယူခဲ့ကြသည်။ ထို့နောက် ရွှေမုဋ္ဌောမြတ်စွာဘုရားရင်ပြင်တွင် မြတ်စွာဘုရားအမှူးပြုသော သံဃာတော် ၄၅ ပါးအား ဆွမ်းဆန်တော်များ၊ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြသည်။

အဆိုပါ ရွှေမုဋ္ဌောမြတ်စွာဘုရားပွဲတော်သို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးထွန်းနိုင်နှင့် တာဝန်ရှိသူများ၊ စဉ့်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်၊ အလှူရှင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များအား အလှူရှင်များက ဝတ္ထုပစ္စည်း၊ အလှူငွေနှင့် နေ့ဆွမ်းဆက်ကပ်ကြပြီး ပရိသတ်များကိုလည်း နေ့လယ်စာ လှူဒါန်းကျွေးမွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

တင်စာလွင်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀

## မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) သက်ကြီးဆရာဝန်များထောက်ကူပြုအဖွဲ့သို့ ငွေများလှူဒါန်း သက်ကြီးဆရာဝန်ကြီးများအား ကျန်းမာရေးစစ်ဆေးပေးမည်

**မန္တလေး စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)သက်ကြီးဆရာဝန်များထောက်ကူပြုအဖွဲ့သို့ ငွေလှူဒါန်းပွဲကို စက်တင်ဘာ ၂၁ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ၃၁လမ်းနှင့် လမ်း၇၀ထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)ရတနာပုံခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့နေ ပါမောက္ခဒေါက်တာထွန်းထွန်းဦး+သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာသက်သက်မြင့် မိသားစုက သက်ကြီးဆရာဝန်ကြီးများထောက်ကူပြုအဖွဲ့သို့ ငွေကျပ် သုံးသိန်း လှူဒါန်းရာ အဖွဲ့ဒုတိယဥက္ကဋ္ဌပါမောက္ခ ဒေါက်တာအောင်ကြီး၊ အတွင်းရေးမှူးဒေါက်တာအောင်မင်းနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပေးအပ်ခဲ့သည်။ (ယာပုံ)




မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)၏ ဦးဆောင်မှုဖြင့် ပုဂ္ဂလိကဆေးရုံကြီးများ ပူးပေါင်း၍ အသက်(၇၀)နှစ်နှင့်အထက် သက်ကြီးဆရာဝန်ကြီးများအား ကျန်းမာရေးစစ်ဆေးပေးခြင်းကို နိုဝင်ဘာလဆန်းတွင် ဆောင်ရွက်ပေးမည်ဖြစ်ရာ ကျန်းမာရေးစစ်ဆေးမှုခံယူလိုသော သက်ကြီးဆရာဝန်ကြီးများအနေဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(၀၄၅)

၀-၀-၀-၀-၀-၀



## ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် စက်တင်ဘာ ၂၂**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေ ၁၁၉ ဒသမ ၅၁ ကျပ်သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကျောက်ဆည်-တံတားဦးလမ်းမှ ညောင်ရွှေကြက်လျှာလမ်း (၀/၂)မိုင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ယမန်နေ့ နံနက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံရေး) ဦးရဲခေါင်ထွန်းက ကွင်းဆင်းစစ်ဆေးပြီး လမ်းအရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် မှာကြားခဲ့သည်။

လမ်းခင်းခြင်းလုပ်ငန်းများပြီးစီးပါက ကျေးရွာသုံးရွာရှိ အိမ်ခြေ ၃၈၆ အိမ်မှ လူဦးရေ ၁၅၉၀ ဦးတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ထုတ်ကုန်များ ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

ထက်ထက်(ကျောက်ဆည်)

## (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဂန့်ဂေါ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့တွင် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုသန့်ရှင်းရေးများဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၆ နာရီခွဲက ဂန့်ဂေါခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဆွေဦး ဦးဆောင်ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များသည် ဂန့်ဂေါမြို့ ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၊ အပြင်ရှိ အမှိုက်သရိုက်များ၊ ပေါင်းပင်မြက်ပင်များရှင်းလင်းခြင်း၊ လူနာဆောင်များတွင် သန့်ရှင်းရေးများ ဆောင်ရွက်ခြင်း၊ ပြည်သူ့ဆေးရုံရှေ့မျက်နှာစာတွင် ပန်းအလှပင်များ စိုက်ပျိုးပေးခြင်းနှင့် စွန့်ပစ်အမှိုက်များအား အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျစွန့်ပစ်ခြင်းများကို ခရိုင်ရဲတပ်ဖွဲ့မှူး ဦးဆောင်သည့် တပ်ဖွဲ့ဝင်၊ စာရေးနှင့် မိသားစုဝင်အင်အား ၈၀ ဦးတို့ဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ပြည်သူ့အကျိုးပြုသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဆွေဦး၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကိုကို၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝင်းနှင့် ခေတ္တဆေးရုံအုပ် ဒေါက်တာဝင်းထိုက်တို့က ကြည့်ရှုအားပေးကာ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည့် တပ်ဖွဲ့ဝင်များအား ကောက်ညှင်းပေါင်း၊ အကြော်စုံနှင့် လက်ဖက်ရည်တို့ဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မောင်မျိုးမင်း(ပြန်ဆက်)

၀-၀-၀-၀-၀-၀



## မိုင်းလွေကျေးရွာ၌ RBF လုပ်ငန်းများကွင်းဆင်းစစ်ဆေး

**မိုင်းယန်း စက်တင်ဘာ ၂၂**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှ မိုင်းလွေကျေးရွာအုပ်စု၊ မိုင်းလွေကျေးရွာ၌စနစ်ကျသော မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်းဖြင့် မိုင်းလွေကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုများကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မိုင်းလွေကျေးရွာဒေသ၌ ကျွဲနှင့် နွားမွေးမြူထားရှိဆောင်ရွက်နေမှုများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF)နှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စံပြအဖွဲ့၊ အနာဂတ်ဖွံ့ဖြိုးရေးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွှေနမ့်လွေ အစုအဖွဲ့လေးဖွဲ့တို့မှ တစ်ဖွဲ့လျှင် အသင်းသား ငါးဦး၊ စုစုပေါင်း အသင်းသား ၂၅ ဦးအား ဒေသကျွဲနှင့် နွားမွေးမြူခြင်းများနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် RBF စီမံကိန်းရန်ပုံငွေသိန်း ၃၀၀ ထုတ်ချေးထားပေးကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ပြောသည်။

(အောက်ပုံ) အောင်ရဲကျော်



တံတားနှင့် လမ်း၊ ဆေးခန်းနှင့် ကျောင်း၊
ဆည်မြောင်းနှင့်ကန် သစ်ပင်ရုံမှ၊
သဏ္ဌာန်လှပ၊ ပန်းရလိမ့်။



## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**မိတ္ထီလာ စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာအား မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ကျင်းပခဲ့ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆန်းနှင့် တာဝန်ရှိသူများက စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးရွာများမှ ကျေးရွာစီမံကိန်းကော်မတီအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

မိတ္ထီလာမြို့နယ်တွင် ၂၀၂၆-၂၀၂၇ခုနှစ် ဘဏ္ဍာရေးနှစ်၌ ကျေးရွာ တစ်ရွာလျှင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ညောင်မြင့်ကျေးရွာနှင့် ရေချိုကျေးရွာတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၆၉)**

## နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**ညောင်ဦး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်သို့ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များ ပင်စင်လာရောက်ထုတ်ယူလျက်ရှိရာ ညောင်ဦးခရိုင် ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများ၊ ညောင်ဦးခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီက စတင်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူလျက်ရှိသည့် နိုင်ငံ့ဝန်ထမ်း(ငြိမ်း)များအား ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာဆွေ၊ ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သီရိသွင်တို့၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိရာ ညောင်ဦးခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ကျန်းမာရေးပြဿနာမှုအား ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၁)**





## မြန်မာသံစဉ်တေးနယည် တေးဂီတဖျော်ဖြေပွဲ ကျင်းပ

**လားရှိုး စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြန်မာ့ရိုးရာ ဂီတအနုပညာ၏ အနှစ်သာရများ၊ မြန်မာ့ယဉ်ကျေးမှုနှင့် ဂီတအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ရန်နှင့် လူငယ်များအနေဖြင့် မြန်မာသံစဉ်တေးဂီတကို ပိုမိုနားလည်တန်ဖိုးထားတတ်စေရန်ရည်ရွယ်၍ Lashio Community Music Show မြန်မာသံစဉ်တေးနယည်တေးဂီတဖျော်ဖြေပွဲကို စက်တင်ဘာ ၂၀ ရက်က လူထုအခြေပြုဗဟိုဌာန Community Centre ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ ဝါသနာရှင်များက မြန်မာသံစဉ်တေးသီချင်းကောင်းများဖြင့် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ သီဆိုဖျော်ဖြေခဲ့ရာ ဒေသခံပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့သည်။

လားရှိုးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ရှမ်းတိုင်းရင်းသားရိုးရာ ခေတ်ဟောင်းတေးဂီတ ဖျော်ဖြေပွဲကို ထပ်မံကျင်းပသွားမည်ဖြစ်ပြီး Lashio Community Music Show ပွဲများကိုလည်း အခါအားလျော်စွာ စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**လူမော်(ပြန်/ဆက်)**

**သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး ။**

## "စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက်" ၂၀၂၆ခုနှစ်၊ စက်တင်ဘာလ (၂၁)ရက်မှ (၂၇)ရက်

**ဘင်္ဂလားပင်လယ်အော် အခြေအနေ .....**

ယခုရက်သတ္တပတ်အတွင်း အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှု အခြေအနေ .....**

မိုးရွာသွန်းနိုင်မှုမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။



**အမြင့်ဆုံးအပူချိန် အခြေအနေ .....**

အမြင့်ဆုံးအပူချိန်မှာ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၇၅)ဒီဂရီဖာရင်ဟိုက်မှ (၈၆)ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် (၈၇)ဒီဂရီဖာရင်ဟိုက်မှ (၉၈)ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန် အခြေအနေ .....**

အနိမ့်ဆုံးအပူချိန်မှာ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၅၆)ဒီဂရီဖာရင်ဟိုက်မှ (၆၇)ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် (၆၈)ဒီဂရီဖာရင်ဟိုက်မှ (၇၉)ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆ အခြေအနေ .....**

လေထုစိုထိုင်းဆမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (၇၀%) မှ (၇၉%)အတွင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၈၀%)မှ (၈၉%)အတွင်းနှင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် (၉၀%)မှ (၉၉%)အတွင်း ရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်း အခြေအနေ .....**

ပင်ငွေ့ရေငွေ့ပျံနှုန်းမှာ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၁၅)မီလီမီတာမှ (၂၆)မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် (၂၇)မီလီမီတာမှ (၃၈)မီလီမီတာအတွင်း ရှိနိုင်ကြောင်း စိုက်ပျိုးရေး မိုးလေဝသဌာနခွဲမှ ထုတ်ပြန်ထားသည်။

**ရွှေမန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့၏ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားသော အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| Lot No | လုပ်ငန်းအမည် | အတိုင်းအတာ |
|---|---|---|
| Lot(1) | ရမည်းသင်းမြို့သီလဝခန်းမအတွင်း LED Board တပ်ဆင်ခြင်း | 30.5'× 16.8' |
| Lot(2) | ညောင်ဦးမြို့နယ်ခန်းမအတွင်း LED Board တပ်ဆင်ခြင်း၊ Projector and Projector Screen ဝယ်ယူခြင်း၊ CCTV တပ်ဆင်ခြင်း၊ Spotlite တပ်ဆင်ခြင်း | ။ |
| Lot(3) | ညောင်ဦးမြို့နယ်ခန်းမအတွင်း (Sound-System) အသံစနစ်တပ်ဆင်ခြင်း | ။ |
| Lot(4) | ညောင်ဦးမြို့နယ်ခန်းမအတွင်း လေအေးပေးစနစ် Aircon များတပ်ဆင်ခြင်း | ။ |
| Lot(5) | ညောင်ဦးမြို့နယ်ခန်းမ ပရိဘောဂများဝယ်ယူခြင်း | ။ |

လျှောက်လွှာစတင်ရောင်းချမည့်ရက် - (၂၃-၉-၂၀၂၆)
တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် - (၆-၁၀-၂၀၂၆)
တင်ဒါဖွင့်မည့်ရက် - ထပ်မံအသိပေးသွားပါမည်။
လျှောက်လွှာဝယ်ယူရမည့်နေရာ - မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး
ဖုန်း ၀၉-၂၁၇၄၃၂၄၊ ၀၉-၄၃၀၇၀၄၆၀

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၆)၊ ဦးပိုင်အမှတ်(၉၃-က)၊ဧရိယာ(၁၅×၄၀)ပေ အကျယ်အဝန်းရှိ ဒေါ်တုတ်အမည်ပေါက် တောဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ(၂)ထပ် အဆောက်အဦး(ရေ+မီး) အပါအဝင် ပေါက်ရောက်သစ်ပင် ဝန်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဦးကံလင်း(ဘ)ဦးမောင်လေး(၈/ပခက(နိုင်)၁၃၅၉၀၈) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးအပ်ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကျော့ကျော့နိုင်(LL.B) တရားလွှတ်တော်ရှေ့နေ
ဒေါ်နှင်းနွယ်နီနိုင်(LL.B) အထက်တန်းရှေ့နေ
၁၀၉(စီ)လမ်း၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၅၆၀၂၆၈၇၆၊ ၀၉-၇၉၈၇၈၃၄၅၇

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၆)၊ ဦးပိုင်အမှတ်(၇၉-ခ)၊ဧရိယာ(၁၅×၄၀)ပေ အကျယ်အဝန်းရှိ ဒေါ်ဖွားလေး အမည်ဖြင့်ချထားပေးသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိထရံကာ(၂)ထပ် အဆောက်အဦး(ရေ+မီး) အပါအဝင် ပေါက်ရောက်သစ်ပင် ဝန်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဦးနိုင်ဝင်း(ဘ)ဦးတင်ညွန့်(၉/မရတ(နိုင်)၀၀၂၇၅၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကျော့ကျော့နိုင်(LL.B) တရားလွှတ်တော်ရှေ့နေ
ဒေါ်နှင်းနွယ်နီနိုင်(LL.B) အထက်တန်းရှေ့နေ
၁၀၉(စီ)လမ်း၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၅၆၀၂၆၈၇၆၊ ၀၉-၇၉၈၇၈၃၄၅၇

## ဒေါ်ခင်ဌေး အသက်(၇၀)နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်း၊ လမ်းသွယ်(၁)နေ (ဦးနန္ဒာ+ဒေါ်ငွေရှု)တို့၏ သမီး၊ ရန်ကုန်မြို့နေ(ဦးသန်းညွန့်)+ဒေါ်ခင်ကြည်တို့၏ သမီးချေးမ၊ ဒေါ်ခင်အေး၏ ညီမ၊ ဒေါ်ခင်မူ၏ အစ်မ၊ ဒေါ်နန်းထက်ထက်စိုး(မန်းစည်ပင်)၊ (ဦးကျော်သီဟစိုး)တို့၏ ချစ်လှစွာသော မွေးသမိခင်၊ ဦးအောင်စိုး(ဌာနမှူး ငြိမ်း-မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ)၏ ချစ်လှစွာသော ဇနီး

### ဒေါ်ခင်ဌေး အသက်(၇၀)နှစ်

သည် ၁၃၈၈ခုနှစ်၊ တော်သလင်းလဆန်း (၁၁)ရက်၊ ၂၂-၉-၂၀၂၆(အင်္ဂါနေ့) နံနက်(၆:၂၃)နာရီအချိန်တွင်(၉၆)ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါ၍ ၁၃၈၈ခုနှစ်၊ တော်သလင်းလဆန်း (၁၃)ရက်၊ (၂၄-၉-၂၀၂၆)၊ (ကြာသပတေးနေ့)၊ နံနက်(၁၀)နာရီတွင် အထက်ပါ နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်၍ ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၁၄)၊ ဦးပိုင်အမှတ်(၃၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဦးအောင်ဖေအမည်ပေါက်ရှိသော ဂရန်မြေကွက်အနောက်ဘက်ခြမ်း(၂၀ပေ×၆၀ပေ) အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်၍၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကြူကြူလှိုင်(အဘ)ဦးရွှမ်းကြူ(၁၃/ဟပတ(နိုင်)၀၁၂၂၄၁)၏ကိုယ်စား လက်မှတ်ရေးသူ ဦးအောင်ခိုင်(အဘ) ဦးရွှေမြင့်(ခ)ဖုန့်ချောက်လျံ(၁၃/ကခန(နိုင်)၀၅၇၉၂၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍၊ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးခိုင်
တရားလွှတ်တော်ရှေ့နေ
အမှတ်(ဆ-၇/စ၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှဝင်ရမည်။)၊
မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀

## ပျောက်ဆုံးကြောင်း

ဒေါ်စန္ဒာစိုး(ဘ)ဦးကောဖာရင်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၁၁၀၅၆၂)ကိုင်ဆောင်သူ၏ Passport No- မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဒေါ်စန္ဒာစိုး ဖုန်း ၀၉-၇၉၉၉၁၀၉၀၆**

## ပျောက်ဆုံးကြောင်း

ဦးဝင်းသန်း(ဘ)ဦးခင်မောင်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မလန(နိုင်)၀၀၃၉၁၅)ကိုင်ဆောင်သူ၏ Passport No-M.631846 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဦးဝင်းသန်း ဖုန်း ၀၉-၄၄၆၇၃၉၅၃၁**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ်(၁၉-က)၊ ဧရိယာ(၀ ဒသမ ၀၄၅၉)ဧက အကျယ်အဝန်းရှိ ဦးစိန်လှ အမည်ဖြင့် ချထားပေးသော မြေကွက်အတွင်းမှ အလယ်ခြမ်း ဧရိယာ(၁၀×၅၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (ရေ) အပါအဝင် ပေါက်ရောက်သစ်ပင် ဝန်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဦးသွင်(ဘ) ဦးလှကျော်(၉/မနတ(နိုင်)၀၃၈၈၁၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ် တစ်ဒေသ ပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကျော့ကျော့နိုင်(LL.B) ဒေါ်နှင်းနွယ်နီနိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ
၁၀၉(စီ)လမ်း၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊
ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၅၆၀၂၆၈၇၆၊ ၀၉-၇၉၈၇၈၃၄၅၇

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၄)၊ ဦးပိုင်အမှတ်(၂၁)မြေကွက်သည် ဦးစံဒ အမည်ဖြင့်ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိမြောက်အစွန်ဆုံးခြမ်း ပေ(၁၅×၄၀)အကျယ်အဝန်းရှိသော မြေနှင့် အိမ်ရေတိုင်၊ လျှပ်စစ်မီတာအပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟုအဆိုပြုသူ ဒေါ်ကြူကြူဇင်ထံမှကျွန်ုပ်၏ အမှုသည်က ဝယ်ယူရန်သဘောတူညီပြီးရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော ငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာလိုက်ပါသည်။

ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ
တတ-၄၆/၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊
မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊
၀၉-၄၃၁၆၉၄၂၈၊ ၀၉-၄၀၉၀၆၄၃၁၅။

## ဖခင်နိုင်ငံသားစိစစ်ရေးကတ်အမှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ Novel Private High School G-12 မှ မစိုးထက်ထက်ဦး ၏ ဖခင် နိုင်ငံသားစိစစ်ရေးကတ်အမှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးမြင့်စိုး(၉/မတရ(နိုင်)၂၆၅၃၂၃) ဖြစ်ပါကြောင်း။

**ဦးမြင့်စိုး(၉/ မတရ(နိုင်) ၂၆၅၃၂၃)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်ရှိ Shwe Kant Kaw (2) ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 မှ မထက်သဇင်မိုး ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းအရ ဦးသိန်းမိုး ဖြစ်ပါကြောင်း။

**ဦးသိန်းမိုး(၅/ မမန(နိုင်)၀၀၃၃၀၀)**

## "အများသိစေရန် ကြေညာခြင်း"

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ အကွက်အမှတ်(၆၁၆)၊ ငယ်တိုးရပ်ကွက်၊ လက်ဝဲမြင်းတိုင်ရပ်အတွင်းရှိ(၃၉×၂၀၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် (၁)ဦးညွန့်ရွှေ(ဘ)ဦးတင်အောင်(၈/ပခက(နိုင်)၀၃၁၄၉၂)၊ (၂)ဒေါ်သန်းသန်းရွှေ(ဘ)ဦးတင်အောင်(၉/အမရ(နိုင်)၀၇၆၅၄၉)၊ (၃)ဦးညွန့်ဝေ(ဘ)ဦးတင်အောင်(၉/အမရ(နိုင်)၀၇၆၄၃၇)၊ (၄)ဒေါ်စိုးစိုးနိုင်(ဘ)ဦးတင်အောင်(၉/အမရ(နိုင်)၀၇၆၅၅၀)၊ (၅)ဒေါ်ငွေငွေရီ(ဘ)ဦးတင်အောင်(၉/အမရ(နိုင်)၀၀၅၇၉၀)၊ (၆)ဒေါ်စုစုထွေး(ဘ)ဦးတင်အောင်(၉/အမရ(နိုင်)၀၉၄၂၇၄)တို့အနေဖြင့် အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲသူရ(LL.B)
တရားလွှတ်တော်ရှေ့နေ
ငယ်တိုးရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၁၆၆၀၅၆၀၊ ၀၉-၉၆၉၁၇၈၆၇၉

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်အမတ် The Honorable Mr. Hiromichi Wantanabe နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်အမတ် The Honorable Mr. Hiromichi Wantanabe ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ၁၉၅၄ ခုနှစ်ကတည်းက စတင်ထူထောင်ခဲ့သည့် မိမိတို့နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးသည် (၇၂)နှစ်တိုင်ခဲ့ပြီး ချစ်ကြည်ရင်းနှီးမှုရှိသည့် မိတ်ဆွေနိုင်ငံများလည်းဖြစ်ကြပါကြောင်း၊ အဆွေတော်အနေဖြင့်လည်း မြန်မာနိုင်ငံနှင့် နှစ်ပေါင်းများစွာ လက်တွဲဆောင်ရွက်ခဲ့သည့် မိတ်ဆွေဖြစ်၍ မိမိတို့နိုင်ငံ၏ အခြေအနေမှန်များကို ပိုမိုသိရှိမည်ဟု ယုံကြည်ပါကြောင်း၊ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံသည် ချစ်ကြည်ရင်းနှီးမှုခိုင်မာပြီး အပြန်အလှန်ဖေးမကူညီခဲ့ကြသည့် သမိုင်းကြောင်းများလည်းရှိခဲ့ကြပြီး အစိုးရချင်းသာမက ပြည်သူချင်းလည်း ချစ်ခင်ရင်းနှီးကြပါကြောင်း၊ ထို့ကြောင့် မိမိတို့ နှစ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်တိုးမြှင့်ရန်အတွက် လွှတ်တော်ကဏ္ဍမှ စတင်ဆောင်ရွက်နိုင်ပါကြောင်း၊ မိမိတို့လွှတ်တော်တွင် မြန်မာ - ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားပြီးဖြစ်၍ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း၊ မိမိတို့လွှတ်တော်ရှိ ကော်မတီများ၊ အမျိုးသမီး၊ လူငယ်နှင့်နည်းပညာစသည့် ကဏ္ဍအသီးသီးတွင် ဂျပန်အောက်လွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအားလုံး လာရောက်လုပ်ကိုင်နိုင်ရန်အတွက် မိမိတို့လွှတ်တော်အနေဖြင့် ဥပဒေပိုင်းဆိုင်ရာများကို စိစစ်သုံးသပ်လျက်ရှိပါကြောင်း၊ ဂျပန်နိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍနှင့် နည်းပညာပိုင်းတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုဖြစ်၍ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၊ နည်းပညာပိုင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးစေလိုပါကြောင်း၊ အဆွေတော် ယခုလိုလာရောက်ခြင်းသည် မိမိတို့နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရန်အတွက် အမြန်ဆုံးအကောင်အထည်ဖော်နိုင်မည့် ပထမဆုံးသော ခြေလှမ်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်အမတ် The Honorable Mr. Hiromichi Wantanabe နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

ထို့နောက် ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်အမတ် The Honorable Mr. Hiromichi Wantanabe က ယခုကဲ့သို့ အဆွေတော်ကို ဂါရဝပြုတွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက်လည်း ဂုဏ်ယူပါကြောင်း၊ မိမိအနေဖြင့် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ခန့်ကတည်းက မြန်မာနိုင်ငံသို့ရောက်ရှိကာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဂျပန်-မြန်မာ နှစ်နိုင်ငံသည် အလွန်ရင်းနှီးကြသည့် မိတ်ဆွေနိုင်ငံများလည်းဖြစ်ကြပါကြောင်း၊ မိမိယခုလိုလာရောက်ခြင်းသည် မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ODA စီမံကိန်းများ ပြန်လည်စတင်ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့နှစ်နိုင်ငံ လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ခြင်းမှ စတင်ခြင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ထို့ပြင် နှစ်နိုင်ငံယဉ်ကျေးမှု ဖလှယ်မှုများမှတစ်ဆင့် ပြည်သူချင်း ပိုမိုရင်းနှီးအောင် ဆောင်ရွက်သွားလိုပါကြောင်း၊ မြန်မာနိုင်ငံ၏သီလဝါစက်မှုဇုန်နှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများရှိပါကြောင်း၊ အဆွေတော်အနေဖြင့် အဆင်ပြေသင့်လျော်ချိန်တွင် ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားလိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူး ဦးယောအေးလှ၊ ပြည်သူ့လွှတ်တော် မြန်မာ-ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ အတွင်းရေးမှူး ဦးမိုးမင်းဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

## ဝါစိုက်ပျိုးရေးနည်းစနစ်နှင့် နည်းပညာများအား ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ ကွင်းဆင်းလေ့လာ

ပွင့်ဖြူ စက်တင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသူလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဒေသခံတောင်သူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒေသတွင်း ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးဝါတပ်(ပွင့်ဖြူ)သို့ သွားရောက်ပြီး ကွင်းဆင်းကြည့်ရှုလေ့လာခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုလေ့လာရာတွင် ပွင့်ဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသခံဝါစိုက်တောင်သူ(၃၀)ဦး လိုက်ပါ၍ စိုက်ပျိုးရေးဝါတပ်(ပွင့်ဖြူ)သို့ သွားရောက်၍ မိုးရာသီ၌ စိုက်ပျိုးထားသည့် ဝါစိုက်ခင်းများကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူက ဝါစိုက်ပျိုးရေးနှင့် ပတ်သက်ပြီး ဝါစိုက်ပျိုးနည်းစနစ်များ မြေယာထွန်ယက်ချိန်မှ ခူးဆွတ်ချိန်အထိ အသေးစိတ်ဆောင်ရွက်မှု အခြေအနေများနှင့် နည်းလမ်းများကို ရှင်းလင်းပြသခဲ့ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ဝါစိုက်ခင်းများအား လက်တွေ့သရုပ်ပြသခြင်း၊ နည်းပညာဖလှယ်ခြင်းနှင့် Pamphlet မျှဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဒေသခံဝါစိုက်တောင်သူ(၃၀)ဦးအား ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ)အတွင်း စိုက်ပျိုးရေးသုတေသန ပြုလုပ်ထားသည့် Low Pressure Cold Radio - Frequency Discharge Plasma(LPCRFDP) စက်ဖြင့် အောင်နိုင်တိုးစပါး စိုက်ပျိုးထားရှိမှုအား တောင်သူပညာပေး သရုပ်ပြသဆောင်ရွက်ခဲ့ရာ မျိုးသန့်ခြံတာဝန်ခံ ဦးအောင်ချစ်က မျိုးသန့်ခြံစိုက်ပျိုးလယ်မြေတွင် စိုက်ပျိုးရေးသုတေသန ဆောင်ရွက်ထားရှိမှုများ၊ မျိုးစေ့ထုတ်စိုက်ခင်းများနှင့် ပတ်သက်ပြီး အသေးစိတ်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)

၀-၀-၀-၀-၀



## စမ်းချောင်းမြို့နယ်၌ လူငယ်အချင်းချင်းစကားများရန်ဖြစ်စဉ် အုပ်စုဖွဲ့ဝိုင်းဝန်းရိုက်နှက်၍ ဓားဖြင့်ထိုးခဲ့သည့် လူငယ်များအား ဖမ်းဆီးရမိ



စမ်းချောင်းမြို့နယ်၌ လူငယ်အချင်းချင်းစကားများရန်ဖြစ်စဉ် အုပ်စုဖွဲ့ဝိုင်းဝန်းရိုက်နှက်၍ ဓားဖြင့်ထိုးခဲ့သည့် လူငယ်များအား ဖမ်းဆီးရမိမှု မှတ်တမ်း

**နေပြည်တော် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်၌ စက်တင်ဘာ ၁၇ ရက်က လူငယ်အချင်းချင်းစကားများရန်ဖြစ်စဉ် အုပ်စုဖွဲ့ဝိုင်းဝန်းရိုက်နှက်၍ ဓားဖြင့်ထိုးခဲ့သည့် လူငယ်များအား ဖမ်းဆီးရမိပြီးမှုခင်းဖြစ်ပွားခဲ့မှု အခြေအနေကို ဆက်လက်စစ်ဆေးကာ ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၇ ရက် ညနေ ၅ နာရီခန့်တွင် စမ်းချောင်းမြို့နယ်ဗားကရာလမ်းမပေါ်ရှိ စမ်းချောင်းလင့်မုန့်ဈေးတန်းတွင် ကြည့်မြင်တိုင်မြို့နယ် ဟုမ်းလမ်းဘူတာရပ်ကွက် ပန်းလှိုင်အိမ်ရာနေ မောင်ဇူဇင်ဝင်းထွဋ်(၂၃)နှစ်နှင့် သူငယ်ချင်းဖြစ်သူ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်

စာမျက်နှာ ၉ သို့ ❖

### ယနေ့ မိုးလေဝသ (၂၃ - ၉ - ၂၀၂၆)

**နေပြည်တော်နှင့်အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။
ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။
ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။
ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ